# ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ရက်၊ သောကြာနေ့၊ (22-7-2005) (၄၆၆၄)


**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းလှပရေး ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးအား စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(ရန်ကုန်တိုင်း)



ရန်ကုန် ဇူလိုင် ၂၁

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းများအဆင့်မြှင့်တင် ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

## ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ကမ်းနားလမ်း၏ နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းပြီးစီးသည့်အပိုင်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ လှိုင်မြို့နယ် အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း အနီးရှိ ပါရမီလမ်းဖြတ် မြေအောက်ရေနုတ်မြောင်းနှင့်လမ်းဘေးရေနုတ်မြောင်းဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေ၊ မရမ်းကုန်းမြို့နယ် ပါရမီခုံးကျော်တံတားအောက်မှ စီးဆင်းသည့် ရေပေါက်ကြည့်ချောင်းတစ်လျှောက် အမှိုက်၊ ရွှံ့နှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ညောင်လေးပင်မြို့တွင် တိုင်း၊ ခရိုင်၊မြို့နယ် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံမှာကြားစဉ်။**

(လယ်ယာ/ဆည်မြောင်း)

# စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေး ပြည်ထောင်စုချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ပါဝင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ကညွတ်ကွင်းမြို့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ ပြုပြင်မွမ်းမံပြီးစီးသော ရှေးဟောင်းစေတီတစ်ဆူဖြစ်သည့် မိုးကောင်းစေတီတော်အား ဖူးမြော်ကြည်ညိုပြီး သီရိရတနာရှာလယ်ကျောင်း ဆရာတော် ဦးသီလစာရအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးသည် ဓမ္မဝိသောဓနီ သိမ်တော်ကြီး ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားလည်းကောင်း၊ မိုးကောင်းစေတီတော် ဘက်စုံမွမ်းမံရန် အလှူငွေများကို ရပ်မိ၊ ရပ်ဖများအားလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကညွတ်ကွင်း အနောက်အုပ်စုရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံရာ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၂-၇-၂၀၀၅
(သောကြာနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးကြိုးပမ်း စံချိန်စံညွှန်းမီအိုင်အိုဒင်းဆားများထုတ်လုပ်ဖြန့်ဖြူး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာနိုင်ငံကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ တိုင်းရင်းသား ပြည်သူများအားလုံး၏ တက်ကြွသော ပူးပေါင်းပါဝင်မှု စွမ်းအားကို အားထားသည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားတိုင်း ကာယ၊ ဉာဏစွမ်းအားအလိုက် အင်ပြည့် အားပြည့် ပါဝင်စွမ်းဆောင်ကြရန် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေးတို့ကို ဦးစားပေးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် သတ်မှတ် ဖော်ဆောင်လျက်ရှိသည်။

ပြည်သူများ ကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ရေး၊ ရောဂါဘယ ကင်းရှင်းစေရေးတို့အတွက် အမျိုးသားကျန်းမာရေး စီမံကိန်းများ အဆင့်ဆင့်ချမှတ်၍ အကောင်အထည်ဖော်ဆောင်နေသည်။ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြို့ပြမှသည် အခြေခံဒေသများဖြစ်သည့် ကျေးလက်ဒေသများ၊ နယ်စပ် အစွန်အဖျား ဒေသများအထိ ရောက်ရှိစေရေး အလေးထား စီမံဆောင်ရွက်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ဇူလိုင်လ ၁၈ ရက်နေ့က ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဝန်ကြီးဌာနနှင့် နီးနွယ်သောဝန်ကြီးဌာနများမှ ဗဟိုကော်မတီဝင်များ တက်ရောက်ကြပြီး အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးဆိုင်ရာ လုပ်ငန်း အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အိုင်အိုဒင်းချို့တဲ့မှုသည် ပြည်သူများ ကျန်းမာရေးကို ထိခိုက် စေသည့်အကြောင်းရင်းတစ်ခုဖြစ်ရာ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ရောဂါ မဖြစ်ပွားစေရန် အစီအမံများ ချမှတ်ဖော်ဆောင်နေသည်။

တစ်နိုင်ငံလုံးတွင် အိုင်အိုဒင်းဆား ပိုမိုစားသုံးလာရေးနည်းလမ်းကို ရေရှည်စီမံချက်ချမှတ်ပြီး ၁၅ နှစ်ခန့် ကြိုးပမ်း အကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံသည် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးပန်းတိုင်သို့ မကြာမီ ရောက်ရှိတော့မည် ဖြစ်သည်။ ယခုအခါ အိုင်အိုဒင်းဆားစားသုံးမှုမှာ မျှော်မှန်းထားသည့် ရာခိုင်နှုန်း ၉၀ သို့ ရောက်ရှိလုနီးနေပြီဖြစ်သည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်သူတစ်ရပ်လုံး အိုင်အိုဒင်းဆား လုံလောက်စွာ စားသုံးနိုင်ရေးအတွက် ဆက်လက် ထုတ်လုပ်ပေးသွားရန် စီစဉ်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက အိမ်ထောင်စုအဆင့်တွင် အိုင်အိုဒင်း ဆား အရည်အသွေးစောင့်ကြပ်စစ်ဆေးခြင်း၊ အိုင်အိုဒင်းဆား စားသုံးမှု အခြေအနေ လေ့လာခြင်းနှင့် လည်ပင်းကြီးရောဂါ ဖြစ်ပွားမှုအခြေအနေ လေ့လာခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကမ်းရိုးတန်းဒေသများ၌ နေထိုင်ကြသူများအနေဖြင့် အိုင်အိုဒင်းဆားကို ရွေးချယ်စားသုံးကြစေရေး ပညာပေးလုပ်ငန်း များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက အထူးအစီအစဉ်တစ်ရပ်အဖြစ် ဖော်ဆောင်လုပ်ကိုင်နေပေသည်။

ယခုအခါ ရခိုင်ပြည်နယ်၌ ဆားစက်အရေအတွက် ပိုမိုများပြား လာခြင်းနှင့် တနင်္သာရီတိုင်း၌ အိုင်အိုဒင်းဆား ထုတ်လုပ်ပေးနိုင်သည့် ဆားစက်များရှိနေခြင်းတို့သည် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပေသည်။

သို့ဖြစ်ရာ ပြည်သူများ အိုင်အိုဒင်းချို့တဲ့မှုကြောင့် ရောဂါဘယများ မဖြစ်ပွားစေရေးနှင့် မြန်မာတစ်နိုင်ငံလုံး အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ပန်းတိုင်သို့ ရောက်ရှိစေရေးအတွက် ဆားထုတ်လုပ်သူများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများက စံချိန်စံညွှန်းမီ အိုင်အိုဒင်းဆားများထုတ်လုပ်၍ ကျေးလက်ဒေသအရောက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

# ၁၂ ရာသီ စိမ်းလန်းစိုပြည်ရေး မိုးစပါး၊ နွေစပါး ကွက်လပ်မကျန်စိုက်ပျိုး စိုက်ပျိုးပြီးအပင်များ ရှင်သန်ကြီးထွားရေး ဝိုင်းဝန်းထိန်းသိမ်း

ရန်ကုန် ဇူလိုင် ၂၁

**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ် သစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကျားချောင်းကျေးရွာအနီး ခရိုင်ချင်းဆက်လမ်း မိုင်တိုင်အမှတ် ၃၁မိုင် ၃ဖာလုံရှိ စိုက်ခင်းနေရာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်၍ အမှတ်တရသစ်ပင် စိုက်ပျိုးပေးသည်။**

**တက်ရောက်**

အခမ်းအနားသို့ ဖူးကြီးတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်နောင်၊ တိုက်ကြီး တပ်နယ်မှူး ဗိုလ်မှူးကြီးတင့်ဝေ၊တပ်မ တော် အရာရှိကြီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး မြင့်ကြည်နှင့် တိုင်း အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် တာဝန်ရှိ သူများ၊ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှတပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ တက် ရောက်ကြသည်။

ရှေးဦးစွာတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် တိုက်ကြီး တပ် နယ်သည် ရန်ကုန်တိုင်း အတွင်း စတုတ္ထမြောက် သစ်ပင်စိုက်ပွဲ တော် ကျင်းပသည့် တပ်နယ်တစ်ခုဖြစ် ကြောင်း၊ တိုက်ကြီးတပ်နယ်သည် ပဲခူးရိုးမကြီးနှင့် ဆက်စပ်လျက်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ဝန်းကျင် မိုင်၃၀ပတ်လည် တစ်နှစ်ပတ် လုံး စိမ်းလန်းစိုပြည်စေရေး ဇုံဧရိယာ အတွင်း တည်ရှိနေသဖြင့် မိမိတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့ အတွင်း ၁၂ရာသီအမြဲ စိမ်းလန်း စိုပြည်နေအောင် မိုးစပါး၊ နွေစပါးကိုကွက်လပ်မကျန် စိုက်ပျိုး ကြပြီး စပါးစိုက်ပျိုးနိုင်ခြင်းမရှိသည့် မြေနေရာများ၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည် စားသုံးသီးနှံပင်၊ အရိပ်ရ လေကာပင်၊ ရာသီ သီးပင်၊ စီမံကိန်းဝင် အပင်နှင့် ပန်းအလှပင်များကို နေရာ လပ်မကျန် စိုက်ပျိုးကြစေလိုကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

ဥတုရာသီ တောကိုမှီ၏ ဟူသည့် ဆောင်ပုဒ်နှင့်အညီ သစ်ပင်သစ်တောကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရာသီ ဥတုမှန်ကန်ပြီး သဘာဝ ပတ်ဝန်း ကျင်ကို ထိန်းသိမ်းရာရောက်ကြောင်း၊ ရှေးလူကြီးများ သစ်ပင်စိုက်ပျိုးခဲ့ကြ၍ ယခုမိမိတို့က သစ်ပင်များမှ ရရှိသည့် အသီးအပွင့်များကို ရရှိခံစားနေကြရ သကဲ့သို့ စစ်သည်များ၊ မိသားစုဝင်များ ကလည်း နောင်လာနောက်သားများ အတွက် သစ်ပင်၊စားပင်များ စိုက်ပျိုး ကြစေလိုကြောင်းနှင့် သစ်ပင်စိုက်ပျိုး ခြင်းကို ဝါသနာထုံသည့် အလေ့အထ ကောင်းများမွေးမြူပြီး သစ်ပင်များတိုးချဲ့ စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးပြီးအပင်များ ရှင်သန်ကြီးထွား မြဲမြံစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြ စေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီးတင့်ဝေက တပ်နယ်အတွင်း နှစ်အလိုက်သစ်ပင်များ စိုက်ပျိုးထား ရှိမှုနှင့် သစ်ပင်စိုက်ပွဲတော်အတွင်း သစ်ပင်များစိုက်ပျိုးမည့် အခြေအနေ များကိုလည်းကောင်း၊ တိုင်းသစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူးဦးခင်ဝင်းက သစ်တောဦးစီးဌာနမှ ပျိုးပင်များ စုဆောင်း ဖြန့်ဝေပေးလျက်ရှိသည့် အခြေအနေနှင့် ရန်ကုန်တိုင်းအတွင်းနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်များ စိုက်ပျိုး၍ စည်းကမ်းမဲ့ သစ်ခုတ်ခြင်း၊ ထင်း၊ မီးသွေး တရားမဝင် ထုတ်လုပ်ခြင်းတို့ကို ပညာပေးတားဆီး ရမည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေနှင့် တာဝန်ရှိသူများက အခမ်း အနားသို့ တက်ရောက်လာကြသူများ အား ပျိုးပင်များ ဝေငှပေးကြသည်။

**အမှတ်တရစိုက်ပျိုး**

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ က သစ်ပင်စိုက်ပွဲတော်အထိမ်းအမှတ် အဖြစ် ကျွန်းပင်ကို အမှတ်တရစိုက်ပျိုး ပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျွန်း၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ သစ်ဆိမ့် နှင့် ခရေပင်များကို အမှတ်တရစိုက်ပျိုး ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ နှင့် တာဝန်ရှိသူများသည် စစ်သည်များ၊

ရန်ကုန်တိုင်း အေး ချမ်း သာ ယာ ရေး နှင့် ဖွံ့ ဖြိုး ရေး ကောင်စီဥက္ကဋ္ဌ၊ ရန် ကုန် တိုင်း စစ် ဌာ န ချုပ် တိုင်းမှူး ဗိုလ် ချုပ် မြင့်ဆွေ တိုက် ကြီး တပ် နယ် မိုး ရာသီ သစ်ပင် စိုက် ပျိုး ပွဲ တော် အခမ်း အ နား တွင် အ မှတ် တ ရ သစ်ပင် စိုက် ပျိုး ပေး စဉ်။ (ရန်ကုန်တိုင်း)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစု ဝင်များ၏ တပျော်တပါးသစ်ပင်စိုက်ပျိုး နေမှုများကို လိုက်လံကြည့်ရှု အားပေး ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ယနေ့ ကျင်းပသည့် တိုက်ကြီး တပ်နယ် သစ်ပင်စိုက်ပွဲတော်တွင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ နှစ်ရှည် စားသုံးသီးနှံပင်၊ အရိပ်ရ လေကာပင်၊ ရာသီသီးနှံပင်၊ ပန်း အလှပင်နှင့် စီမံကိန်းဝင်ပင် စုစုပေါင်း ၁၀၀၅၀ ပင်တို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြသည်။

(သတင်းစဉ်)

**အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် အာရှကြက်တောင် အဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံ ကြက်တောင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ ဇူလိုင် ၁၈ ရက်က ပြန်လည် ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။** (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၂-၇-၂၀၀၅ (သောကြာနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
**၄:၂၀** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
**၄:၂၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
**၄:၃၀** ၆။ မျိုးချစ်တပ်မတော်
**၄:၄၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
**၅:၀၀** ၈။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှုအစီအစဉ် °°°°°–ကံနှင့်ကံ၏အကျိုးဆက် (တတိယနှစ်–အရှေ့တိုင်းပညာ)**
**၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၂။ မိုးလေဝသသတင်း
**၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၃၀** ၁၄။ **ကာတွန်းအစီအစဉ် "ရောင်လင်လှစွမ်းကောင်းလေး" (အပိုင်း–၁၆)**
**၆:၅၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄–နာရီ" (အပိုင်း–၂၄) (ဇာတ်သိမ်း)**
**၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ – ပိဋကတ်ပင်လယ်ပြင်ကို ကူးခတ်ခြင်း**
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကန္တာတောခြေ" (အပိုင်း–၁၂)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့အား အမှူးထား၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၌ကျင်းပသည်။**

### တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက် ဆရာတော် တိပိဋကဓရ ဘဒ္ဒန္တ ဣန္ဒာစရိယ နှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်သူနှင့်ဇနီး ဒေါ်လဲ့လဲ့ကြည်၊ ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ မြန်မာ သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်း မိသားစုများ တက်ရောက်ကြည်ညိုကြ သည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး၊ ဒုတိယ ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာသံအမတ်ကြီးများ၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ် များက သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဝန်ကြီး နှင့်ဇနီး၊ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ အမှူးပြုသော ဝန်ထမ်း မိသားစုများက မင်းကွန်းတိပိဋက နိကာယကျောင်းတိုက် အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံမှ ငါးပါး သီလ ခံယူဆောက်တည်ကြပြီး သံဃာ တော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြကာ မင်းကွန်းတိပိဋကနိကာယ ကျောင်းတိုက်ဆရာတော် တိပိဋကဓရ ဘဒ္ဒန္တ ဣန္ဒာစရိယထံမှ အနုမောဒနာ တရား နာကြားကြ၍ ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ဆက်ကပ်လှူဒါန်း

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး ဝန်ကြီးဌာနဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်သံဃာ တော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## လက်ရှောင်

- ✱ ငါ့ကိုချစ်တာ၊ ငါ့ထက်သာပြီး
  အချစ်ကြီးသူ၊ဘယ်သူရှိမလဲ
  ကဲ–ပြောစမ်းပါ။
- ✱ ငါ့ရဲ့ခန္ဓာ၊ ပူလာအေးလာ
  ထူးခြားတာကို၊ ငါမှတစ်ပါး
  ခံစားသိသူ၊ဘယ်သူရှိမလဲ
  ကဲ–ပြောစမ်းပါ။
- ✱ ငါ့ရဲ့စိတ်တွင်၊ ပျော်ရွှင်နေခြင်း
  စိတ်ညစ်ခြင်းကို၊ ဘယ်သင်းဘယ်သူ
  ဘယ်လိုလူက၊ ငါ့ခံစားချက်
  ငါ့ထက်ပိုသိ၊ ရှိနိုင်မလဲ
  ကဲ–ပြောစမ်းပါ။
- ✱ ငါ့အရေးတွင်၊စိတ်ဝင်တစား
  အမှားအမှန်၊ ဝေဖန်နေသူ
  ဘယ်လိုလူက၊ ငါကငါ့အား
  စိတ်ဝင်စားမှု၊ ယှဉ်တုနိုင်မလဲ
  ကဲ–ပြောစမ်းပါ။
- ✱ ဒါ့ကြောင့်သာပ၊ ငါ့ရဲ့ကိစ္စ
  အဝဝမှာ၊ ငါသာအားထုတ်
  ကိုယ်တိုင်လုပ်မှ၊ စစရာရာ
  ပြည့်စုံမှာပေါ့၊ တကယ်တော့။
- ✱ ဒီတော့လက်ရှောင်
  အမောင်မီဒီယာ၊ အနောက်ရွာ။
- ✱ မြန်မာ့ပေါ်မှာ၊ စေတနာ
  မြန်မာထက်သာ၊ ထားသူဟာ
  မရှိနိုင်ပါ၊ မရှိပါ။
- ✱ မြန်မာ့ကိစ္စ၊ မြန်မာသာ
  လုပ်မှပြီးမှာ၊ မင်းသိပါ။

မိုး၀

## မြန်မာနိုင်ငံတော် ပြန်တမ်း

**ရန်ကုန် ဇူလိုင် ၂၁**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည်အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန |
|---|---|
| (က) ဦးရဲဖုန်းမြင့် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (ခ) ဦးကျော်ညွန့် | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး<br>အလုပ်သမားဝန်ကြီးဌာန |
| (ဂ) ဦးချစ်ရှိန် | ဥက္ကဋ္ဌ<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမားဝန်ကြီးဌာန |

# တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၁**

တီမောလက်(စ်)တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာဟိုဆေးရာမို့ဟော်တာ သည် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက် ကြသည်။

### လိုက်ပါလာ

တီမောလက်(စ်)တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာဟိုဆေးရာမို့ ဟော်တာနှင့်အတူ ဂျကာတာမြို့၌ ရုံးစိုက်သည့် အင်ဒိုနီးရှား သမ္မတနိုင်ငံ ဆိုင်ရာ တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး ရက်ဗရင် အာလင်ဒိုမာဆာ၊ နိုင်ငံခြားရေးရာနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ နယ်လ်ဆင်ဆန်တော့စ်၊ ဒေသတွင်းရေးရာဌာန ညွှန်ကြားရေးမှူး မစ္စတာ ဂျူဗန်စီယို ဒီဂျေဆပ်စ်မာတင်တို့လည်း လိုက်ပါ လာကြသည်။ (သတင်းစဉ်)

## ဆက်ကပ်လှူဒါန်း

**ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်)ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက်က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဇရာဝတီတိုင်း ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမောင်ညိမ်းနှင့် အသင်းဝင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(၅၂၉)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

**ရန်ကုန် ဇူလိုင် ၂၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသည့် သံအမတ်ကြီးဒေါက်တာ ကလောက်(စ်) ပီတာ၊ဗီး(လ်ဒ်)၏နေရာတွင် မစ္စတာဒီးထရစ်(ချ်)၊ အန်းဒရီးရတ်(စ်)အား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဒီးထရစ်(ချ်)၊ အန်းဒရီးရတ်(စ်)သည် ၁၉၄၃ ခုနှစ်တွင် မွေးဖွား ခဲ့သူဖြစ်ပြီး ၁၉၆၂ခုနှစ်မှ ၁၉၇၁ခုနှစ်အထိ ဥပဒေနှင့် ဘောဂဗေဒဘာသာရပ် များကို လေ့လာဆည်းပူးခဲ့သည်။ ထို့နောက် ဂျာမနီနိုင်ငံခြားရေးရုံးသို့ စတင် ဝင်ရောက်အမှုထမ်းပြီး ၁၉၇၂ခုနှစ်မှ ၁၉၇၄ခုနှစ်အထိ ဝါရင့်သံတမန်ရေးရာ အကယ်ဒမီသို့ တက်ရောက်ခဲ့သည်။ ၎င်းသည် ၂၀၀၁ခုနှစ်မှစတင်၍ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ယင်းသို့မခန့်အပ်မီက ဂျာမနီနိုင်ငံခြားရေးရုံးနှင့် ဘဲဂရိတ်မြို့၊ လေးဂို့(စ်)မြို့၊ ဗန်ကောက်မြို့နှင့်ဇာဂရက်မြို့တို့ရှိ ဂျာမနီသံရုံးများ၌ ရာထူး အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

(သတင်းစဉ်)

## ကြိုဆို နှုတ်ဆက်

**တီမောလက်(စ်) တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာ ဟိုဆေးရာမို့ဟော်တာ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မြင့်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက် ကြစဉ်။**

(သတင်းစဉ်)

# အီရတ်နိုင်ငံတွင် တည်ငြိမ်မှုရရှိစေရေးအတွက် ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါး မေတ္တာရပ်ခံပြောကြား

လန်ဒန် ဇူလိုင် ၂၀

**အီရတ်နိုင်ငံတစ်ဝန်းတွင် လူအများအပြားသေဆုံးခဲ့သည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ အစီအရီ ပေါ်ပေါက်ခဲ့ပြီးနောက် အီရတ်နိုင်ငံသား ရှီးယိုက်ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါးက တည်ငြိမ်မှုရှိစေရေးအတွက် မေတ္တာရပ်ခံပြောကြားလိုက်သည်။**

အီရတ်ပြည်သူလူထုအနေဖြင့် အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်များအား တွန်းလှန်တိုက်ခိုက်ခွင့်ရှိကြောင်း ၎င်းက ပြောကြားသည်။သို့ရာတွင် အယ်လ်ဆာဒါးက ၎င်း၏ ပြည်သူများအား ချုပ်တည်းမှုပြသရန် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်သည်ဟု ဘီဘီစီရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် ထိပ်တိုက်ရင်ဆိုင်မှုကို လိုလားမှုမရှိဟု မိမိယုံကြည်ထားကြောင်း၊ ယင်းကြောင့် အီရတ်ပြည်သူများအား ချုပ်တည်းမှုပြသကြရန်နှင့် အနောက်အုပ်စု၏ အစီအစဉ်များအတွင်း ပါဝင်ရောယှက်မှု မပြုကြရန် မိမိတိုက်တွန်းခြင်းဖြစ်ကြောင်း ဆာဒါးက ဆက်လက်ပြောကြားသည်။

အီရတ် ကြည်းတပ်မတော်နှင့် ရဲတပ်ဖွဲ့တို့အနေဖြင့် အီရတ်ပြည်သူလူထုနှင့် ထိပ်တိုက်ရင်ဆိုင်စေရန် လှုံ့ဆော်မှု မပြုလုပ်သင့်ကြောင်းကိုလည်း ၎င်းက ပြောကြားသည်။

မည်သို့ပင်ဖြစ်စေကာမူ အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင် တိုက်ခိုက်မှုများအား လက်နက်ကိုင် တိုက်ခိုက်မှုဘက်မှ ဆာဒါးက ကာကွယ်ပြောဆိုသွားသည်။

တွန်းလှန်တိုက်ခိုက်မှု အဆင့်တိုင်းသည် တရားဝင်မှုရှိကြောင်း၊ သမ္မတဘုရှ်ကပင်လျှင် ၎င်း၏တိုင်းပြည် တိုက်ခိုက်ခံရပါက ၎င်းလည်း တွန်းလှန်တိုက်ခိုက်မှုပြုမည်ဟု ပြောဆိုခဲ့ကြောင်း စသည်ဖြင့် ဆာဒါးက ပြောကြားသည်။

အီရတ်အား သိမ်းပိုက်မှုသည် ပြဿနာဖြစ်ကြောင်း၊ အီရတ်နိုင်ငံသည် ယခုအခါ လွတ်လပ်မှုမရှိခြင်းသည်ပင် ပြဿနာဖြစ်နေကြောင်း၊ အခြားပြဿနာများမှာ ယင်းကိစ္စမှ မြစ်ဖျားခံခြင်းဖြစ်ကြောင်း၊ ဂိုဏ်းခွဲတိုက်ခိုက်မှုမှ ပြည်တွင်းစစ် ဖြစ်ပွားသည်အထိ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်တွင် ရှိနေခြင်းကြောင့်ဖြစ်သည်ဟု ၎င်းက ပြောကြားသွားသည်။

***အမ်အင်အေ၊ရိုက်တာ။***




## စစ်ရာဇဝတ်ပြစ်မှုများဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင် သုံးဦး စွဲချက်တင်ခံရ

**လန်ဒန် ဇူလိုင် ၂၀**

ဗြိတိသျှတပ်ဖွဲ့ဝင် သုံးဦးသည် အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းခဲ့မှုနှင့်ပတ်သက်သည့် စစ်ရာဇဝတ်ပြစ်မှုများဖြင့် တရားစွဲခံထားရရာ ဗြိတိန်နိုင်ငံတွင် ယင်းအမှုသည် ပထမဆုံးသော အမှုဖြစ်ကြောင်းဖြင့် အစိုးရက အင်္ဂါနေ့က ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်များသည် ၂၀၀၁ ခုနှစ် နိုင်ငံတကာ ရာဇဝတ်ပြစ်မှု တရားရုံးဥပဒေအရ တရားစွဲဆိုခံရမည့် ပထမဆုံးသော တပ်ဖွဲ့ဝင်များဖြစ်သည်ဟု အစိုးရရှေ့နေချုပ် လော့ဒ်ဂိုးစမစ်၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်များအနက်မှ တပ်ကြပ်ဒေါ်နယ်ပိန်းသည် အသက်၃၄ နှစ်ရှိပြီး ဘာဟာမူဆာအမည်ရှိ အီရတ်အကျဉ်းသားတစ်ဦးအား လူမဆန်စွာ နှိပ်စက်ခဲ့သည့် စစ်ရာဇဝတ်ပြစ်မှုဖြင့် တရားစွဲခံရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံမြောက်ပိုင်း အာဘီးလ်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ခင်ပွန်းသည် သေဆုံးသွားသဖြင့် ငိုကြွေးနေသူ အမျိုးသမီးတစ်ဦးကို ဇူလိုင် ၁၉ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



**အီရတ်နိုင်ငံ တာဂျီမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက မသင်္ကာသူများအား တစ်အိမ်တက်ဆင်း ဝင်ရောက်ရှာဖွေနေကြသည်ကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် စံနှစ်မျိုးထားမှု ရှောင်ရှားသင့် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးညီလာခံတွင် အီရန်ဝန်ကြီးပြောကြား

တီဟီရန် ဇူလိုင် ၂၀

**အကြမ်းဖက်တိုက်ခိုက်မှု၏ ဇာစ်မြစ်အကြောင်းတရားများကို ဖယ်ရှားရေးသည် အရေးပါပြီး အကြမ်းဖက်တိုက်ခိုက်မှုတိုက်ဖျက်ရေးတွင် စံနှစ်မျိုးထားနေမှုကို ရှောင်ရှားရန်လိုအပ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီး ခါရာဇီက တနင်္လာနေ့က ထုတ်ဖော်ပြောကြားကြောင်းဖြင့် အီရန်အစိုးရအာဘော် အိုင်အာအင်အေသတင်းဌာနက ဖော်ပြသည်။**

မိမိတို့အမြင်အရ အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှု ဇာစ်မြစ်အကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းရာတွင် စံနှစ်မျိုးထားခြင်းနှင့် ခွဲခြားဖြေရှင်းမှုသည် အကြမ်းဖက်တိုက်ဖျက်ရေးအတွက် ကြိုတင်လိုအပ်ချက်များဖြစ်သည်ဟု မြို့တော်တီဟီရန်တွင် ပြုလုပ်သည့် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နိုင်ငံတကာညီလာခံ အခမ်းအနားဖွင့်ပွဲတွင် ခါရာဇီပြောကြားသောမိန့်ခွန်းကို အထက်ပါသတင်းဌာနက ကိုးကား၍ ဖော်ပြသည်။

### တိုက်တွန်းနှိုးဆော်

ခါရာဇီက အကြမ်းဖက်တိုက်ခိုက်မှု ဇာစ်မြစ်ကိစ္စကို အသေးစိတ်ပြောကြားခြင်းမရှိပေ။ သို့ရာတွင် အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ခြုံငုံပြည့်စုံသည့် အဓိပ္ပာယ်သတ်မှတ်ချက်ပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ထားသည်။

အကြမ်းဖက်တိုက်ခိုက်မှုကို တိုက်ဖျက်ရာတွင် သိမ်းပိုက်ခံထားရသည့် နိုင်ငံများ၏ လွတ်မြောက်ရေး လှုပ်ရှားမှုများအား ဖိနှိပ် နှိပ်ကွပ်ရန်အတွက် အင်အားကြီးနိုင်ငံများက ဆင်ခြေမပေးနိုင်ရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်သတ်မှတ်ရန်လိုအပ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့နောက် အီရန် နိုင်ငံခြားရေးဝန်ကြီးက အကြမ်းဖက်တိုက်ခိုက်မှု တိုက်ဖျက်ရေး မျက်နှာဖုံးစွပ်ထားသည့် အချို့သောနိုင်ငံများ၏ တစ်ဖက်သတ်လုပ်ဆောင်မှုနှင့် အင်အားအသုံးပြုနိုင်ရေးကို ရှုတ်ချပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

## အာဖဂန်ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲအား လုပ်ကြံရန်ကြိုးပမ်းစဉ် ဗုံးခွဲသူတစ်ဦးသေဆုံး

**ဟီရက်(အာဖဂန်နစ္စတန်) ဇူလိုင် ၂၀**

ဗုံးဖောက်ခွဲသူတစ်ဦးဟု သင်္ကာမကင်းဖြစ်ရသူတစ်ဦးသည် ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းနေစဉ် အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်မြို့တွင် အင်္ဂါနေ့က သေဆုံးခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

မည်သူမည်ဝါမှန်းမသိရသူတစ်ဦးသည် အင်ဂျီခရိုင် ရဲမှူးဖြစ်သူ ခေါ်ဂျာအီဆာ၏ မော်တော်ယာဉ်အနီးသို့ချဉ်းကပ်ကာ ဗုံးဖောက်ခွဲရန် ကြိုးပမ်းစဉ် ဗုံးပေါက်ကွဲ၍ သေဆုံးခဲ့ခြင်းဖြစ်သည်။

၎င်း၏အလောင်းမှာ မှတ်မိနိုင်ဖွယ်မရှိအောင် ပျက်စီးနေပြီး ဗုံးဖောက်ခွဲသူတစ်ဦးဖြစ်ကာ အီဆာအား လုပ်ကြံသတ်ဖြတ်လိုသူတစ်ဦးဖြစ်သည်ဟု ဟီရက်မြို့မှ ရဲဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သူ အာမက်ပိုင်ကာက ရိုက်တာသတင်းဌာနအား ပြောကြားသည်။ ယင်းပေါက်ကွဲမှုသည် ဟီရက်မြို့လယ်တွင် ဖြစ်ပွားခဲ့သည်။ သို့ရာတွင် ဗုံးခွဲသူမှအပ အခြားသေဆုံးထိခိုက်မှုမရှိခဲ့ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အီရတ်မြောက်ပိုင်းတွင် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**ဘဂ္ဂဒက် ဇူလိုင် ၂၀**

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသတွင် လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်လ်ကွတ်မြို့တွင် အိမ်လုပ်ဗုံး ပေါက်ကွဲမှုကြောင့် အထူးတပ်ဖွဲ့မှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စနေနေ့ ညနေ ၄ နာရီက သေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်က ကြေညာချက်တွင် ပါရှိသည်။

ထိခိုက်ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်နှစ်ဦးအား အမေရိကန်စစ်ဆေးရုံသို့ တင်ပို့ပေးခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းတပ်ဖွဲ့ဝင်များ၏ နာမည်အား ၎င်းတို့၏ ဆွေမျိုးသားချင်းထံ အကြောင်းကြားနေစဉ်ဖြစ်၍ ထုတ်ဖော်ပြောကြားမှု မရှိသေးပေ။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၄ ခုနှစ်က ကျူးကျော်တိုက်ခိုက်ပြီးနောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၇၅၀ ကျော် ရှိသွားပြီဖြစ်သည်ဟု မီဒီယာသတင်းဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

## လန်ဒန်ဗုံးဖောက်ခွဲမှုနှင့် အီရတ်ကိစ္စဆက်စပ်မှုရှိသည်ဟု ဗြိတိသျှပြည်သူလေးပုံသုံးပုံက ယုံကြည်

လန်ဒန် ဇူလိုင် ၂၀

**လန်ဒန်မြို့တော်တွင် ဇူလိုင် ၇ ရက်က ဗုံးဖောက်ခွဲမှုသည် အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင် တိုက်ခိုက်မှုကို ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲက ထောက်ခံခဲ့မှုနှင့် ဆက်စပ်မှုရှိသည်ဟု သုံးပုံနှစ်ပုံသော ဗြိတိသျှ ပြည်သူ၊ ပြည်သားများက ထင်မြင်နေကြကြောင်းဖြင့် အင်္ဂါနေ့က ထုတ်ပြန်သော လူထုသဘောထား စစ်တမ်းတစ်ရပ်အရသိရသည်။**

လန်ဒန်မြို့တော်အား ဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတွင် တာဝန်တပိုင်းတပင်ကြီးရှိနေသည်ဟု ၃၃ ရာနှုန်းသော ပြည်သူတို့က ယုံကြည်နေကြပြီး ၃၁ ရာနှုန်းသော ပြည်သူတို့က အနည်းအကျဉ်းသာတာဝန်ရှိသည်ဟု ယုံကြည်နေကြသည်ဟု ဂါဒီယန်သတင်းစာအတွက် အိုင်စီအမ်က ကောက်ယူသော လူထုသဘောထားစစ်တမ်းအရ သိရသည်။

၂၈ ရာနှုန်းသော ပြည်သူလူထုကမူ အီရတ်နှင့် လန်ဒန်ဗုံးဖောက်ခွဲမှုတို့သည် ဆက်စပ်မှုမရှိဟု ပြောကြားကြသည်ဟု ဆိုသည်။ ဝန်ကြီးချုပ်တိုနီဘလဲက အီရတ်နှင့် လန်ဒန်ဗုံးဖောက်ခွဲမှု ဆက်နွယ်မှုရှိသည်ဆိုသောအချက်ကို ပယ်ချထားသည်။

ဘာသာရေး ဗန်းပြလုပ်နေသည့် အစွန်းရောက်များအား အပြစ်ဖို့ရန်အတွက် တိုနီဘလဲက မွတ်စလင်ခေါင်းဆောင်များနှင့် ဒေါင်းနင်းလမ်းရှိ ရုံးတွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အစွန်းရောက်များအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုများသည် တရားမျှတကြောင်းပြသလို၍အနောက်အုပ်စု၏ ကိုလိုနီလက်သစ်ဝါဒမှသည် ပါလက်စတိုင်း၊ အစ္စရေးပဋိပက္ခအထိ ဆင်ခြေပေး၍ စောဒကတက် ပြောကြားကြမည်ဖြစ်သည်ဟု တိုနီဘလဲက ပြောကြားသည်။

လန်ဒန်မြို့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် တိုနီဘလဲ၏ လက်ရှိအာဏာရပါတီ၏ ရေပန်းစားမှုအပေါ် ထိခိုက်မှု အနည်းငယ်သာရှိသည်ဟု စစ်တမ်းအရ သိရသည်။

အရွယ်ရောက်ပြီးသူ ၁၀၀၅ ဦးအနက် လေးပုံသုံးပုံက လန်ဒန်တွင် နောက်ထပ် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်လာနိုင်သည်ဟု ထင်မြင်ကြပြီး လူ၁၀ ဦးအနက်ရှစ်ဦးက လန်ဒန်မြို့လယ်သို့ မသွားရဲဟု ပြောကြားကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယနိုင်ငံ ဆရီနဂါမြို့တွင် ဇူလိုင် ၂၀ ရက်က ကားဗုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန် စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားရှားပါး စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာကြီးတစ်ရပ်ဖြစ်လာ

ဝါရှင်တန် ဇူလိုင် ၂၀

**အမေရိကန် စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများ ရှားပါးမှုဖြင့် ကြုံတွေ့နေရကြောင်း နောက်ဆုံးပြုလုပ်သည့် စစ်တမ်းတစ်ရပ်အရ သိရပြီး အမေရိကန်လုပ်သား ဈေးကွက်သည် မှန်မှန်တိုးတက်လျက်ရှိနေသည်ဟု ဖော်ပြထားသည်။**

စီးပွားရေးလုပ်ငန်းများဆိုင်ရာ အမျိုးသားအဖွဲ့(အင်အေဘီအီး)ကအဖွဲ့အစည်း စီမံကိန်းရေးဆွဲသူ ၁၀၃ ဦးနှင့်ဘဏ္ဍာရေးဆိုင်ရာ ခွဲခြားစိတ်ဖြာ လေ့လာသူတို့နှင့် မကြာမီက တွေ့ဆုံကာ သဘောထားစစ်တမ်း ကောက်ယူခဲ့ခြင်းဖြစ်သည်။ သုံးပုံတစ်ပုံရှိသည့် ၎င်းစီမံကိန်းရေးဆွဲသူနှင့် လေ့လာသူများက ကုမ္ပဏီများတွင် ကျွမ်းကျင်လုပ်သားများ ငှားရမ်းရာတွင် အခက်အခဲရှိနေပြီး လေးနှစ်ကာလအတွင်း အမြင့်ဆုံးအဆင့် ရောက်ရှိခဲ့ခြင်း ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

**လုပ်သားရှားပါး**

ယင်းအချိန်တွင် ကျွမ်းကျင်လုပ်သားများရှားပါးမှုသည် စီးပွားရေးလုပ်ငန်းများအတွက်ကြီးထွားလာသည့်ပြဿနာတစ်ရပ်အဖြစ် ရောက်ရှိနေသည်။ ယင်းသို့ကျွမ်းကျင်လုပ်သားရှားပါးမှု နှုန်းထားသည် ၁၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းနှုန်းအထိ ရှိလာပြီဟု စာရင်းကောက်ယူရာတွင် တုံ့ပြန်ပြောကြားသူများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းများတွင် လစာငွေနှင့် လုပ်ခငွေများ တိုးမြှင့်ထားခဲ့ပြီး စီးပွားရေးလုပ်ငန်းများ မှန်မှန်တိုးတက်မှု ရှိလာလင့်ကစား ကျွမ်းကျင်လုပ်သားရှားပါးမှု မြင့်မားမှုပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန် ပြည်ထောင်စုတွင် အလုပ်လက်မဲ့နှုန်း ဇွန်လတွင် ငါးရာခိုင်နှုန်း ကျဆင်းခဲ့ရာ ၂၀၀၁ ခု ဩဂုတ်လနောက်ပိုင်း အနိမ့်ဆုံး နှုန်းထားဖြစ်သည်။

**သုံးသပ်**

ယင်းအစီရင်ခံစာတွင် အမေရိကန်စီးပွားရေးလုပ်ငန်း ဆက်လက်မြင့်မားနေမည်ဟု သုံးသပ်ထားသည်။ ၂၀၀၅ ခုနှစ် ဒုတိယနှစ်ဝက်တွင် စီးပွားရေးသုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ရန်မျှော်လင့်ထားကြောင်း တုံ့ပြန်ပြောကြားသူ အများစုက ပြောကြားကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# မက္ကဆီကိုသို့ တရားမဝင် ဝင်ရောက်လာသူများကို ဖမ်းဆီး နယ်စပ်ဖြတ်ကျော် ခိုးဝင်သူများကို နေရင်းနိုင်ငံသို့ ပြန်ပို့မည်

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၀**

မက္ကဆီကိုနိုင်ငံအရှေ့တောင်ပိုင်း ချီရာပတ်စ်ဒေသတွင် နိုင်ငံအတွင်းသို့ တရားမဝင် ခိုးဝင်လာသူ ၉၂ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း မက္ကဆီကို အမျိုးသား လူဦးရေဌာန(အိုင်အင်အမ်)က ဇူလိုင် ၁၉ ရက်တွင် ပြောကြားသည်။

**ရည်ရွယ်**

အဖမ်းခံရသူအများစုမှာ အီကွေဒေါနိုင်ငံသားများဖြစ်ပြီး ၎င်းတို့သည် မက္ကဆီကိုနိုင်ငံကိုဖြတ်၍ အမေရိကန်နိုင်ငံသို့ ဝင်ရောက်ရန် ရည်ရွယ်၍ ပြောင်းရွှေ့လာကြသူများဖြစ်သည်ဟု ဆိုသည်။

ထိုလူများတွင် ၇၉ ဦးသည် အီကွေဒေါနိုင်ငံသားများဖြစ်ပြီး ၁၁ ဦးမှာ ဂွာတီမာလာမှ လာရောက်သူများဖြစ်ကာ နှစ်ဦးမှာ အယ်လ်ဆာဗေဒိုနိုင်ငံသားများဖြစ်ကြသည်။ ၎င်းတို့သည် မော်တော်ယာဉ်၏ နောက်တွဲတွင်တင်လာသည့် စက္ကူကတ်ထူပုံးကြီးများအတွင်း ပုန်းအောင်းကာ ခရီးသွားနေကြစဉ် အဖမ်းခံရခြင်းဖြစ်သည်။ ယာဉ်မောင်းနှင့် ၎င်း၏ အဖော်တစ်ဦးတို့ကို လူမှောင်ခိုပြုလုပ်မှုဖြင့် အိုင်အင်အမ်ဌာနက အရေးယူထားသည်။

**စီစဉ်ထား**

လူဝင်မှုကြီးကြပ်ရေးဌာနကစစ်ဆေးစဉ် ပုံးတစ်လုံးအတွင်း၌ ဖိနပ်တစ်ဖက်ကို တွေ့ရှိရာမှ သင်္ကာမကင်းဖြစ်ပြီး ကြည့်ရှုရာ လူမှောင်ခိုမှုကို ဖမ်းမိလိုက်ခြင်းဖြစ်သည်။ ဖမ်းမိသူများထဲတွင် အမျိုးသမီး ၂၅ ဦးနှင့် ကလေးငါးဦးတို့ပါဝင်သည်။ ယခုအခါ ဆေးဝါးကုသမှုပေးရန် ၎င်းတို့ကို ဆေးရုံသို့ပို့ထားပြီးနောက်ပိုင်းတွင် နေရင်းနိုင်ငံသို့ ပြန်ပို့ရန် စီစဉ်ထားသည်။

မက္ကဆီကိုနိုင်ငံသည် ယမန်နှစ်က ယင်းနိုင်ငံကိုဖြတ်၍ အမေရိကန်သို့ သွားရောက်ရန်ကြိုးပမ်းသူ တရားမဝင်ရွှေ့ပြောင်းလာသူ ၂၁၅၀၀၀ ကို ဖမ်းဆီးပြီး နိုင်ငံအသီးသီးသို့ ပြန်ပို့ခဲ့ရကြောင်း အိုင်အင်အမ်ဌာနက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# နီပေါအမျိုးသားရုပ်ရှင်ပွဲတော်ကျင်းပ ထူးချွန်သူများအား နီပေါဘုရင်ဆုချီးမြှင့်

**ခတ္တမန္ဒူ ဇူလိုင် ၂၀**

ပထမအကြိမ် အမျိုးသားရုပ်ရှင်ပွဲတော်ကို ခတ္တမန္ဒူမြို့၌ ဇူလိုင် ၁၀ရက်တွင် စတင်ကျင်းပခဲ့ရာ တနင်္ဂနွေနေ့တွင်ပြီးဆုံးကြောင်း နီပေါအသံလွှင့်ဌာနကတနင်္လာနေ့တွင် သတင်းထုတ်လွှင့်ခဲ့သည်။

**ဆုများချီးမြှင့်**

အဆိုပါ ရုပ်ရှင်ပွဲတော် ပိတ်ပွဲတွင် နီပေါနိုင်ငံနှင့် ပြည်ပနိုင်ငံတို့တွင် ပြခဲ့သော ရုပ်ရှင်များ၌ နီပေါရုပ်ရှင်ဖွံ့ဖြိုးမှုနှင့် မြှင့်တင်မှုအတွက် ထူးခြားသော အရည်အသွေးရှိသူ ဒါဇင်ပေါင်းများစွာကို ရုပ်ရှင်ပွဲတော် ပိတ်ပွဲတွင် နီပေါဘုရင် ဂါနန်ဒရာကဆုများ ချီးမြှင့်ခဲ့သည်။

**ထုတ်လွှင့်**

ထိုဆုချီးမြှင့်ခံရသူများသည် ဝါရင့်ထုတ်လုပ်သူများ၊ ဒါရိုက်တာများ၊ စာရေး ဆရာများ၊ မင်းသားနှင့်မင်းသမီး စုစုပေါင်း ၁၇ဦးဖြစ်သည်။ နောက်ထပ်အခြားကဏ္ဍ ၂၁ ခုတွင် ထူးချွန်သူ ၂၅ဦးကိုလည်း ဆုများချီးမြှင့်ခဲ့သည်ဟု အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သည်။

နီပေါရုပ်ရှင်ကားသစ်နှင့်ကားဟောင်းများ ပြသခြင်း၊ ရုပ်ရှင်ကဏ္ဍအမျိုးမျိုး၊ ယဉ်ကျေးမှုပြပွဲနှင့် အစားအသောက်ပွဲတော်စသည်ဖြင့် ရက်သတ္တပတ်ကြာမျှ ရုပ်ရှင်ပွဲတော်ကို ကျင်းပခဲ့သည်။

နီပေါရုပ်ရှင် မြှင့်တင်ရေးအတွက် အဆိုပါ ရုပ်ရှင်ပွဲတော်ကျင်းပခြင်းသည် အဓိကပါဝင်ကြောင်း၊ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဝန်ကြီးနှင့် ဗဟိုအစည်းအရုံးကော်မတီဥက္ကဋ္ဌ တန်ကာဒါကလ်က ရုပ်ရှင်ပွဲတော်ပိတ်ပွဲတွင် ပြောကြားခဲ့သည်။

နီပေါအစိုးရငွေကြေးထောက်ပံ့မှုဖြင့် နီပေါရုပ်ရှင်ဖွံ့ဖြိုးရေးအဖွဲ့က အဆိုပါ ရုပ်ရှင်ပွဲတော်ကိုကျင်းပပြုလုပ်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်ကို အမေရိကန်ကျူးကျော်ခဲ့ပြီးနောက်ပိုင်း အီရတ်အရပ်သား ၂၅၀၀၀ နီးပါး သေဆုံး

**လန်ဒန် ဇူလိုင် ၂၀**

အမေရိကန်နှင့် ဗြိတိသျှတပ်များက အီရတ်နိုင်ငံအား ၂၀၀၃ခုနှစ် မတ်လကစပြီး ကျူးကျော် တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း အီရတ်အရပ်သား ၂၅၀၀၀နီးပါး သေဆုံးသွားပြီဖြစ်ကြောင်း၊ နေ့စဉ်ပျမ်းမျှ ၃၄ဦး သေဆုံးခဲ့ကြောင်း ဗြိတိသျှ သုတေသနဌာနတစ်ခုက ဇူလိုင် ၁၉ရက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုနှစ် မတ်လအထိ နှစ်နှစ်အတွင်း အီရတ်အရပ်သား ၂၄၈၆၅ ဦး သေဆုံးခဲ့ကြောင်း၊ ယင်းတို့တွင် အမျိုးသမီးများနှင့် ကလေးများ သေဆုံးမှုမှာ အရပ်သားအားလုံးသေဆုံးမှု၏ ၂၀ရာခိုင်နှုန်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ယင်းသေဆုံးသည့် အရေအတွက် တစ်ဝက်နီးပါးမှာ မြို့တော်ဘဂ္ဂဒက်မှ ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ငံတကာ သတင်းများ

# ဘင်္ဂလားဒေ့ရှ်တွင် ရေလွှမ်းမိုးမှုကြောင့် ဝမ်းရောဂါဖြစ်ပွား ဗြဟ္မပုတ္တရမြစ်ဝှမ်းတွင် ပြည်သူများ ရေဘေးဒုက္ခတွေ့ကြုံရ

**ဒါကာ ဇူလိုင် ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေလွှမ်းဒေသများတွင် ရေကြောင့် ရောဂါအမျိုးမျိုး ဖြစ်ပွားနေကြောင်း၊ ထိုရောဂါဖြစ်ပွားမှုထဲတွင် ဝမ်းပျက်ဝမ်းလျှောရောဂါသည် လျင်မြန်စွာ ပျံ့နှံ့ဖြစ်ပွားနေကြောင်းသတင်းတစ်ရပ်တွင်ရေးသား ဖော်ပြထားသည်။

**၁၆ ဦးသေဆုံး**

အဆိုပါ ဒေသများတွင် ယခင်လအတွင်းက ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်မှုဖြစ်ပွားသူ ၆၃၄၁၂၀ ရှိပြီး အနည်းဆုံး ၁၆ဦး သေဆုံးခဲ့သည်။ ယခင် ရက်သတ္တတစ်ပတ်တည်းမှာပင် ထိုကူးစက်ရောဂါ ဖြစ်ပွားသူပေါင်း ၁၄၅၃၈ ဦး ရှိပြီး သုံးဦးသေဆုံးခဲ့သည်ဟု ကျန်းမာရေး ဦးစီးဌာန၏ ပြောကြားချက်ကိုကိုးကား၍နယူးအေ့ချ် သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ထိုဝမ်းပျက်ဝမ်းလျှောကူးစက်ရောဂါဖြစ်ပွားခြင်းကြောင့် ဇူလိုင် ၁ ရက်မှ ၇ ရက်ထိ ဆေးရုံတင်ရသူဦးရေသည် ၁၃၅၇ ဦး ရှိပြီး ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်ထိ ကာလအတွင်း ဆေးရုံတင်ရသူဦးရေသည် ၁၉၂၀ ရှိသည်ဟု သတင်းတွင် ရေးသားဖော်ပြထားသည်။

ရေကြီးသောဒေသများနှင့် ရေလွှမ်းသောဒေသများတွင်သောက်သုံးရေသန့်များ လုံလောက်စွာ မရရှိခြင်းကြောင့် ပြည်သူများတွင် ရေကြောင့်ဖြစ်ပွားသော ဝမ်းကိုက်ရောဂါနှင့် နမိုးနီးယားရောဂါဝေဒနာများလည်း ခံစားကြရသည်။

**ရေလွှမ်းမိုး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်း ဗြဟ္မပုတ္တရမြစ်ဝှမ်း ခရိုင်နှစ်ခုတွင် တနင်္ဂနွေနေ့ထိအောင် ရေလွှမ်းမိုးထားရာ နေရာများသို့ ရေများထပ်မံတက်ခဲ့ခြင်းကြောင့် ပြည်သူ ၆၀၀၀၀၀ ကျော် အတိဒုက္ခ ရောက်နေကြရသည်ဟု ဘီအက်စ်အက်စ်သတင်းစာက ရေးသားထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း ရန်ပါဒေသအနှံ့အပြားတွင် ရွာသွန်းခဲ့သော မိုးရေချိန်သည် ယခင်ရက် သတ္တပတ်အတွင်း၌ပင် မီလီမီတာ ၆၀၀ ခန့် ရှိခဲ့သည်။ အဆိုပါ မိုးရေချိန်သည် ၁၀ နှစ်တာကာလအတွင်း ထိုဒေသများတွင် နှစ်စဉ်ပျမ်းမျှမိုးရေချိန်၏ ပမာဏအနက် ပဥ္စမမြောက် အမြင့်ဆုံးတွင်ရှိသည်ဟု ရေအရင်းအမြစ် ဖွံ့ဖြိုးမှုအဖွဲ့၏ ပြောကြားချက်ကိုကိုးကား၍ဘီအက်စ်အက်စ်သတင်းစာက ဖော်ပြထားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# မူးယစ်ဆေးဝါးဂိုဏ်း ဗီယက်နမ်တွင်ဖော်ထုတ်နိုင်

**ဟနွိုင် ဇူလိုင် ၂၀**

ဗီယက်နမ်နိုင်ငံတွင် မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်သည့် ထိပ်တန်းဂိုဏ်းကြီး တစ်ဂိုဏ်းကို ဖော်ထုတ် အရေးယူနိုင်ခဲ့ကြောင်း၊ ယင်းဂိုဏ်း အဖွဲ့ဝင် ၂၂ဦးကို တနင်္လာနေ့တွင် ရုံးတင်စစ်ဆေးမှု ပြုလုပ်ကြောင်း ပိုင်အိုးနီးယား သတင်းစာက ရေးသားဖော်ပြသည်။

မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်သည့် ဂိုဏ်းခေါင်းဆောင်မှာ အသက် ၂၉ နှစ်အရွယ်ရှိ ခွန်ဗန်ဖသွန်းဆိုသူဖြစ်ပြီး မကြာသေးမီနှစ်များအတွင်း လာအိုနိုင်ငံမှ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသသို့ ဘိန်းဖြူ တစ်တန်နီးပါးကို သယ်ဆောင်ခဲ့သည်ဟု စွဲချက်တင် ခံရကြောင်း သတင်းစာက ရေးသားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံ ရှင်ကျန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဖူကျန့်ရှန်လုံ ကျောက်မီးသွေးတွင်းမှ အလုပ်သမားများကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

● ကျောဖုံးမှ

အမှန်စင်စစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြို့တော် ကျိုင်းတုံသည် နယ်စပ်ဝင်ပေါက် တစ်ခုဖြစ်သည်။ ကျိုင်းတုံမှ တစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့ကို ကူးလူးသွားလာနိုင်သည့် အပြင် စီးပွားရေးအရ ကူးသန်းရောင်းဝယ်မှုများကိုပါ တိုးမြှင့်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်တွင် ဒေသတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် ကျိုင်းတုံ–တာချီလိတ်လမ်း၊ ကျိုင်းတုံ–မိုင်းလားလမ်း၊ ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်းလမ်း၊ ကျိုင်းတုံ–လွယ်မွေလမ်း၊ မိုင်းဖြတ်–မိုင်းယောင်း–မိုင်းယုလမ်း၊ တာလေ–ပါလျှိုး–ကျိုင်းပတ်လမ်း၊ နမ့်စန်–မိုင်းတုံ–မိုင်းဆတ်–တာချီလိတ်လမ်း၊ မိုင်းဆတ်–မိုင်းပျဉ်းလမ်းတို့ကို အဆင့်မြှင့်တင်ပေးခြင်း၊ အသစ်ဖောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများအကြား ဆက်သွယ်မှု၊ ဆက်ဆံမှု တိုးတက်လာခဲ့ကြသည်။ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် ရိုင်းပင်းကူညီမှု၊ အပြန်အလှန် အမှီသဟဲပြုမှုများလည်း တိုးတက်ထွန်းကားလာခဲ့ပြီဖြစ်သည်။

ယခုကဲ့သို့ မိုင်းပျဉ်းမြို့နယ် တာကောမှ ကျိုင်းတုံမြို့အထိ ကတ္တရာလမ်းသစ်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝသည်လည်း တိုးတက်မြင့်မားလာတော့မည်ဖြစ်သည်။ ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ်လမ်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်အတွင်း ၇၉ မိုင်နှင့် ကျိုင်းတုံမြို့နယ်အတွင်း ၃၅ မိုင် ပါဝင်၍ စုစုပေါင်း ၁၁၄ မိုင် အရှည်ရှိပြီး ပြည်ထောင်စု လမ်းမကြီး၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

**ဒီလမ်းသစ်ဖောက် လုပ်လိုက်တာ သမီးတို့ လူငယ်တွေရဲ့ ပညာရေးကို အများကြီး အထောက်အကူ ပြုတာပေါ့။**

(မနန်းယုန်းခမ်း)

ယခင် ကျောက်ချောလမ်းကို ယခု ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်အဖြစ် အဆင့်တိုးမြှင့် ပြုပြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းပိုင်းအတွင်း လမ်းဖြတ်တံတားငယ် ၁၇၀ ကိုလည်း တည်ဆောက်ပေးခဲ့သည်။ လမ်းပိုင်းတစ်ခုလုံးအတွက် ကျောက်ရိုးစီ မြေထိန်းနံရံ ပြုလုပ်ခြင်းနှင့် ကျောက်ရိုးစီရေမြောင်း ပေ ၁၀၅၀၀ တို့ကို ဆောင်ရွက်ပေးခဲ့သည်။

ဒေသခံပြည်သူတစ်ဦးဖြစ်သည့် မိုင်းပျဉ်းမြို့မှ မနန်းယုန်းခမ်းကို တွေ့ဆုံမေးမြန်းကြည့်ရာ **"သမီး အခု ကျိုင်းတုံ ဒီဂရီကောလိပ်ကို ကျောင်းတက်နိုင်ပါပြီ၊ သမီးတို့ဒေသ ဖွံ့ဖြိုးလာလို့ ဝမ်းသာပျော်ရွှင်မိပါတယ်။ အရင်ကဆို မိုင်းပျဉ်းက ကျိုင်းတုံကိုသွားရတာ လမ်းကမကောင်းတော့ အချိန်ကုန် လူပန်းဖြစ်ခဲ့ရတယ်။ တောင်ကြီး–ကျိုင်းတုံ လမ်းပိုင်းဆို အရင်က လမ်း မကောင်းတော့ ခက်ခက်ခဲခဲသွားခဲ့ရတာပါ၊ တချို့ နေရာတွေမှာ လမ်းကကျဉ်းတယ်။ တချို့ နေရာတွေမှာ သဲတောင်တွေပြိုကျပြီး လမ်းပိတ်တယ်။ အဲဒီတော့ သမီးတို့သွားချင်တဲ့ခရီးကို လွယ်လွယ် ကူကူ မရောက်ဘူး၊ ခုတော့ တာကော–ကျိုင်းတုံကတ္တရာ လမ်းကြီးပြီးသွားတော့ စိတ်ချမ်းချမ်းသာသာနဲ့ သွားလာလို့ရပြီ၊ မိုင်းပျဉ်းကနေ ကျိုင်းတုံကို အချိန်မရွေး သွားနိုင်ပြီ၊ သမီးက ကျိုင်းတုံ ဒီဂရီကောလိပ်မှာ ကျောင်းတက်နေရတဲ့ ကျောင်းသူဆိုတော့ ဒီလမ်းသစ်ဖောက်လိုက်တာ သမီးတို့ လူငယ်တွေ့ရဲ့ ပညာရေးကို အများကြီး အထောက်အကူပြုတာပေါ့၊ ခုတော့ လူငယ်ရော လူကြီးတွေပါ ဝမ်းသာ ပျော်ရွှင်နေကြပြီလေ"**ဟု ဖြေကြားခဲ့သည်။

ဆက်လက်၍ လမ်းဖွင့်ပွဲအပြီးကို စောင့်နေသော ကျိုင်းတုံမြို့မှ ဆယ်ဘီးကားမောင်းသည့် ယာဉ်မောင်း ဦးစိုးဦးကို တွေ့ဆုံမေးမြန်းခဲ့ရာ **"ကျွန်တော်က ယာဉ်မောင်းဆိုတော့ လမ်းကောင်းရင် စိတ်ချမ်းသာတယ်၊ အရင်က ကျိုင်းတုံက တောင်ကြီးကို ကုန်တွေသွားပို့ရင် လမ်းမှာ သဲတောင်ပြိုလို့ကတော့ တော်တော်နဲ့ မရောက်တော့ဘူး၊ မိုးတွင်းဆို အိပ်စရာနေရာတောင် မရှိဘူး၊ လမ်းမှာ သဲတွေ ရေတွေအပြည့်နဲ့ တော်တော်ဒုက္ခရောက်ပါတယ်။ နောက်ပြီး အခန့်မသင့်ရင် လမ်းပေါ်မှာ လေးရက်၊ ငါးရက်လောက် ဖြစ်သလို နေရတယ်။ အရင်လမ်းဟောင်းက ချိုင့်တွေ၊ ခွက်တွေနဲ့၊ ရှေ့က တစ်စီးပိတ်မိလို့ကတော့ နောက်က အတွဲလိုက်ပဲ။ ကားပျက်ရင်၊ ဘီးပေါက်ရင်တောင် ရှောင်လို့ မရဘူး။ တောထဲက တွေ့ရာစား ဖြစ်သလိုနေပြီး ခရီးဆက်ရတယ်။ ခုတော့ လမ်းက ၁၂ ပေကျယ် ဖြစ်သွားပြီ။ ကတ္တရာလမ်းဆိုတော့ မောင်းရတာကောင်းတယ်။ အဆင်ပြေတယ်။ ရေဆင်းမြောင်းတွေပါ စနစ်တကျ ဖောက်တော့ လမ်းပျက်မှု သက်သာတာပေါ့။ နိုင်ငံတော်အစိုးရကို အတိုင်းမသိ ကျေးဇူးတင်မိပါတယ်"**ဟု ဝမ်းသာအားရ ဖြေကြားခဲ့သည်။

တွေ့ဆုံမေးမြန်းအပြီးတွင် ဦးစိုးဦးအပါအဝင် ကုန်တင်ကား ၁၀ စီးခန့် တောင်ကြီးခရီးကို ဆက်လက် ထွက်ခွာသွားကြသည်။ သူတို့မျက်နှာတွင် ဝမ်းသာပျော်ရွှင်မှုများ ပြည့်လျှံလို့နေသည်။ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို အဓိကတာဝန်ကြီးတစ်ရပ်အဖြစ် ပြည်နယ်၊ ပြည်မ ဖွံ့ဖြိုးမှု ကွာဟမှုနည်းနိုင်သမျှနည်းအောင်ဆောင်ရွက်ပေးနေခြင်း၏ ရလဒ်ကောင်းတစ်ခုအဖြစ် မြင်ရသူအပေါင်း၏ရင်ထဲတွင် စွဲမြဲနေကြမှာ အမှန်ပင်ဖြစ်သည်။

ကျိုင်းတုံ–တာကော လမ်းသည် တောင်ပေါ်လမ်းဖြစ်သည့်အတွက် ခက်ခက်ခဲခဲ ဖောက်လုပ်ပြုပြင်ခဲ့ရသည်။ တချို့နေရာများတွင် မတ်စောက်သော တောင်ကုန်းများ၊ ချိုင့်ဝှမ်းများ၊ ကျဉ်းမြောင်းသော တောင်ကြားလမ်းများ၊ တောင်ပတ်လမ်းများကို စက်ယန္တရားကြီးများစွာ အသုံးပြု၍ ချဲ့ထွင်ဖောက်လုပ်ခဲ့ရသည်။

**ယာဉ် မောင်း ဆိုတာ လမ်း ကောင်းရင် စိတ် ချမ်း သာ တယ်၊ နိုင်ငံတော်အစိုးရ ကို အတိုင်းမသိ ကျေးဇူး တင်မိ ပါတယ်။**

ဦးစိုးဦး

(ယာဉ်မောင်း)

**နောင်တုံကန်ကြီးကိုဝိုင်းရံ၍ ခေတ်မီလှပသော အဆောက်အအုံများဖြင့် ခံ့ညားထည်ဝါစွာ ဖွံ့ဖြိုးတိုးတက်နေသော သံလွင်အရှေ့ခြမ်း၏ မြို့တော်ကျိုင်းတုံမြို့ကို အပေါ်စီးမှ မြင်တွေ့ရသော မြင်ကွင်းတစ်ခု။**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်က အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ခရိုင် လေးခရိုင်၊ မြို့နယ် ၁၁ မြို့နယ် ရှိသည်။ ယခု ဖွင့်လှစ်လိုက်သော လမ်းပိုင်းအပါအဝင် ပြည်ထောင်စုလမ်းမကြီးကောင်းမွန်လာမှုကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအဖို့ ပြည်မနှင့် အချိန်မရွေး ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

ယခုအခါ ကျိုင်းတုံမြို့တော်သည် သံလွင်အရှေ့ခြမ်း၏ မြို့တော်ကြီးအဖြစ် ထိုက်ထိုက်တန်တန် ထည်ထည်ဝါဝါ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်သည်။ ခုတင် ၂၀၀ ဆံ့ ပြည်နယ်ဆေးရုံကြီး၊ ကျိုင်းတုံဒီဂရီ ကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာကောလိပ်တို့ကိုပါ ခံ့ညားထည်ဝါစွာ ဖွင့်လှစ်ပေးထားပြီဖြစ်သည်။

ထို့အပြင် ဂျက်လေယာဉ်ကြီးများပါ ဆင်းသက်နိုင်သော အဆင့်မြင့်လေယာဉ်ကွင်းကြီးကိုလည်း တိုးချဲ့တည်ဆောက်ပြီး ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ရာ ခေတ်မီမြို့ကြီးတစ်မြို့၏ အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည်ကို မြင်တွေ့နိုင်ပြီဖြစ်သည်။

သံလွင်အရှေ့ခြမ်း၏ မြို့တော် ကျိုင်းတုံမြို့ကြီးကို နောင်တုံကန်ကြီးနှင့်အတူ ခေတ်မီလှပသော တိုက်တာအဆောက်အအုံကြီးများဖြင့် အပေါ်စီး ဝေဟင်အမြင့်မှ မြင်တွေ့ရသော မြင်ကွင်းကလည်း ဖွံ့ဖြိုးသာယာ ပြည်မြန်မာ၏ သာယာလှပသော မြင်ကွင်းတစ်ခုအဖြစ် ရင်ထဲတွင် စွဲထင်ကျန်ရစ်နေမိပါတော့သည်။ ။

**အမှတ်(၂) ဦးစံဖေလမ်း ဦးစံဖေရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်တင်ဆိုင် မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို သုဒ္ဒသနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ် ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(က–ပ)

## ကန့်ဘလူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၂၁**

ကန့်ဘလူအသင်း(ရန်ကုန်)၏ ပဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်း ရွှေတိဂုံစေတီအရှေ့ဘက်မုခ် ကြားတောရလမ်း ကုန်သွယ်/လယ်ယာ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများ၊ ရန်ကုန်ရောက် ကန့်ဘလူ မြို့နယ်သူ၊ မြို့နယ်သားများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြည်ညိုကြရန်နှင့် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ သီးသန့်ဆွမ်းအလှူရှင်နှင့် ညှော်ခံကျွေးမွေးလိုသူများ၊ အသင်းဝင်များ၏ (၇၅)နှစ်နှင့်အထက် မိဘများ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် ဥက္ကဋ္ဌ ဦးသောင်းစိန် ဖုန်း–၂၂၃၅၈၇၊ ၅၄၂၆၈၄၊ ဒုတိယဥက္ကဋ္ဌ ဦးလှရွှေ ဖုန်း–၅၆၆၁၀၀၊ အတွင်းရေးမှူးဦးမြင့်တင် ဖုန်း–၀၉–၅၁–၃၂၁၁၇နှင့် တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးမောင်(ငြိမ်း) ဖုန်း–၆၃၅၈၃၂တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် (၁၀)နေ မိခင်ကြီး ဒေါ်ခင်ခင်လှအား အမှူးထား၍ ဗိုလ်မှူးချုပ်ဝင်းမြင့်–ဒေါ်နွယ်နီဝင်း မိသားစုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(က–ပ)

# ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ရန်ကုန်မြို့တော်တစ်ဝန်းရှိ စေတီပုထိုး၊ ဘုရား၊ ကျောင်းကန်များ၌ ကုသိုလ်ပြုသူများ စည်ကား

## စွယ်တော်မြတ်စေတီ

၁၃၆၇ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်၌ ဘုရားဖူး ပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

## မင်းဓမ္မကုန်းတော်

၁၃၆၇ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားနေစဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

## ရွှေဘုန်းပွင့်စေတီ

၁၃၆၇ ခုနှစ် ဝါဆိုလပြည့်နေ့က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ၁၃၆၇ခုနှစ် (၄၈) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် နိုင်ငံတော် ဩဝါဒါစရိယ ရွှေဘုန်းပွင့်စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား အလှူရှင်များက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းဖော်ပြပြီး)
(သတင်းစဉ်)

# စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျိုင်းတုံမြို့၌ ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ၏ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ရက် နံနက် ၁၀နာရီတွင် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ ပြည်နယ်သံဃနာယကအဖွဲ့ဝင် ဓမ္မောဒယ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဇေယျ အမှူးပြုသော ဆရာတော် သံဃာတော် ၃၆ပါး ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဓမ္မောဒယ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အာဇေယျထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ၍ ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာကြားကြသည်။

### ဆုတောင်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ဇနီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး သာသနာ့ဝေပုလ္လ ပရိယတ္တိ စာသင်တိုက် နာယက ဆရာတော် မဟာဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇယထံမှ ရေစက်ချအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်းလိုက်သည်။

### ဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မီးသတ်ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

### အမှာစကားပြော

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူးဆောင်ရွက်သော ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ကျန်းမာရေး အဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော် အဖွင့်အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၁

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အမှာစကားပြောကြားသည်။**

### တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန် ရှိသူ များ၊ ပြည်နယ်နှင့် တိုင်းများမှ မီးသတ်ဦးစီးဌာနမှူးများ တက်ရောက် ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဗဟို မီးသတ်သင်တန်းကျောင်း ကျောင်းအုပ် ကြီးနှင့် ပြည်နယ်၊တိုင်းများမှ မီးသတ် ဦးစီးဌာနမှူးများက ယင်းတို့၏ ဌာနအလိုက်၊ တပ်ဖွဲ့အလိုက် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

### ဆက်လက်ကျင်းပမည်

မီးသတ်ဦးစီးဌာန၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၂၂ရက် အထိ ဆက်လက်ကျင်းပမည် ဖြစ် သည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမျိုးသမီးများအား ကျန်းမာရေးပညာပေး ဟောပြော

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး ဆောင်ရွက်သော ကျန်းမာရေး ပညာ ပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်ရှိ မြန်မာ ပိုင်အီးအက်စ် အထည်ချုပ်စက်ရုံ ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ မိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန် တိုင်း ကျန်းမာရေးဦးစီးဌာနမှ တာဝန် ရှိသူများ၊ ဟောပြောပို့ချသည့် ပုဂ္ဂိုလ် များ၊ မြောက်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန် ရှိသူများ၊ လှိုင်သာယာမြို့နယ် မိခင် နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီး အလုပ်အသမားများ စုစုပေါင်း အင်အား ၄၅၀ခန့် တက်ရောက်ကြ သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ကျန်းမာရေး အဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်(၁) သားဖွားမီးယပ်ပါမောက္ခ ဒေါက်တာ ချယ်ရီသန်းသန်းတင်က "ကိုယ်ဝန် ဆောင် မိခင်နှင့်ကလေးများ၏ ကျန်းမာဖွံ့ဖြိုးမှုဆိုင်ရာ စောင့်ရှောက်မှု လုပ်ငန်းများ"အကြောင်းနှင့်ပတ်သက် ၍ ရှင်းလင်းဟောပြောသည်။

ယင်းနောက် ကျန်းမာရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူး (အာဟာရ) ဒေါက်တာလှကြည်က "အမျိုးသမီးများနှင့် အာဟာရ" အကြောင်းရှင်းလင်းဟောပြောပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# တက္ကသိုလ် တောင်တက်အဖွဲ့ ဆင်တောင်နှင့် မြင်းမထိတောင် အောင်မြင်စွာ တက်ရောက်

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာပိုင်စိုး၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး နေစိုးမောင်နှင့် အတွင်းရေးမှူး ဒေါက်တာခင်မောင် တို့ ဦးဆောင်သော မန္တလေးရှိ တက္ကသိုလ်များနှင့် ရန်ကုန် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် တို့မှ ကျောင်းသား၊ ကျောင်းသူ ၁၃၃ဦး ပါဝင်သည့် တောင်တက် အဖွဲ့ဝင်တို့သည် ဇူလိုင် ၁၈ရက် နှင့် ၁၉ရက်တို့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်မှ အမြင့်ပေ ၆၀၃၅ပေရှိ ဆင်တောင် နှင့် အမြင့်ပေ ၅၈၃၀ရှိ မြင်းမထိ တောင်တို့ကို အောင်မြင်စွာ တက် ရောက်နိုင်ခဲ့သည်။

(သတင်းစဉ်)

◇ **ရှေ့ဖုံးမှ**

နှံများဆယ်ယူလျက်ရှိသည့်အခြေအနေနှင့် ချောင်းတစ်လျှောက် ဝဲ/ယာ မြက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းလျက်ရှိသည့်အခြေအနေ၊ မြောက်ဥက္ကလာပမြို့နယ်သုခမ္မာလမ်းမကြီးတစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေနှင့် မြောက်ဥက္ကလာပမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ပြီးစီးသွားသည့် ကျောက်ရေတွင်းမီးရထားလမ်းခုံးကျော်တံတားမကြာမီ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**ဖြည့်ဆည်းပေး**

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ သန့်ရှင်းသာယာလှပသည့် မြို့တော်ကြီးဖြစ်လာစေရေးအတွက် အမှိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ လမ်းများအဆင့်မြှင့်တင်ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သောမြို့တော်ကြီးဖြစ်လာစေရေးအတွက် မြို့နယ်၊ ရပ်ကွက်များအတွင်းရှိ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

❍ **စည်းကမ်းပြည့်ဝသည့်မှ**

မြို့နယ်အလုပ်အမှုဆောင် ဦးတင်ကိုကိုက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးက အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

**တင်ပြ**

ညနေပိုင်းတွင် ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံရာ ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုး ပိုင်က ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်မှုများကို တင်ပြသည်။

**မှာကြား**

ထို့နောက် အထွေထွေ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊တပ်မတော်၊ပြည်သူတို့၏ အားများဖြင့် တည်ဆောက်လျက်ရှိပုံ၊ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်း လာရေးအတွက် ပြည်ထောင်စုချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို မှာကြားသည်။ (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ နှစ်(၃၀)မြောက် သံတမန်ထူထောင်ရေး အထိမ်းအမှတ် ခေတ်ပြိုင်ပန်းချီပြပွဲ ဖွင့်လှစ်ပြသ

ရန်ကုန် ဇူလိုင် ၂၁

**ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ နှစ်(၃၀)မြောက် သံတမန်ထူထောင်ရေးအထိမ်းအမှတ်အဖြစ် မြန်မာ–ကိုရီးယားနှစ်နိုင်ငံ ပန်းချီအနုပညာရှင်များ၏ ခေတ်ပြိုင်ပန်းချီပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်တို့ တက်ရောက် အားပေးချီးမြှင့်ကြသည်။**

အခမ်းအနားသို့ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ ကိုရီးယားအသင်းမှ အသင်းဝင်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက နှစ်(၃၀)မြောက် မြန်မာ–ကိုရီးယား သံတမန်ထူထောင်ရေး အထိမ်းအမှတ် ခေတ်ပြိုင်ပန်းချီပြပွဲ ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့တွင် စတင်ဖွင့်လှစ်ပြသမည့် ခေတ်ပြိုင် ပန်းချီပြပွဲသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန်ထူထောင်ခြင်း နှစ် (၃၀) မြောက် အထိမ်းအမှတ်ပြပွဲ ဖြစ်သည်သာမက အရှေ့တိုင်းယဉ်ကျေးမှု၏ တူညီသောအခြေခံပေါ်တွင် ခြားနားသောအမြင်များဖြင့် ရေးဆွဲထားကြသည့် ကိုရီးယားနှင့် မြန်မာပန်းချီအနုပညာရှင်များ၏ ရိုးရာနှင့် ခေတ်ပြိုင် အနုပညာလက်ရာ အလှအပများကို မျှဝေခံစားခွင့် ရရှိစေမည့် ပြပွဲလည်းဖြစ်ကြောင်း။

ဤပြပွဲသို့ လာရောက်ကြည့်ရှုကြသည့် ပန်းချီအနုပညာကို ချစ်မြတ်နိုးကြသော ပရိသတ်များအား မြန်မာနှင့် ကိုရီးယား ပန်းချီအနုပညာရှင်များ၏ အနုပညာလက်ရာ ပန်းချီကားများက ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှုရသများကို ပေးစွမ်းသွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Ju-heum က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သော နှစ်(၃၀)မြောက်သည့် မင်္ဂလာရှိသော ယနေ့အခါသမယတွင် ကိုရီးယားသမ္မတနိုင်ငံ အစိုးရနှင့် ကိုရီးယားပြည်သူများကိုယ်စား ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများသို့ ခင်မင်ရင်းနှီးစွာဖြင့် လှိုက်လှဲစွာ နှုတ်ခွန်းဆက်သပါကြောင်း။

ကိုရီးယား ရုပ်မြင်သံကြားနှင့် ဇာတ်လမ်းတွဲများ၏ ယဉ်ကျေးမှုလှိုင်းတံပိုးများနှင့် တစ်ဆက်တစ်စပ်တည်း အနေဖြင့် ယနေ့တွင် စတင်ပြသမည့် ခေတ်ပြိုင် ပန်းချီပြပွဲမှ ပန်းချီကားများသည် မြန်မာမိတ်ဆွေများအား ကိုရီးယား ယဉ်ကျေးမှုရသ နောက်တစ်မျိုးကိုတိုး၍ ခံစားခွင့်ရရှိစေသော အခွင့်အခါကောင်းများ ရရှိစေမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ The International Arts Exchange Association မှ ဥက္ကဋ္ဌ Mr. Cha Young Kyu က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Ju-heum၊ ကိုရီးယားသမ္မတနိုင်ငံ The International Arts Exchange Association မှ ဥက္ကဋ္ဌ Mr. Cha Young Kyu၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် The Korean Association မှ ဥက္ကဋ္ဌ Mr. Kim Man Young တို့က နှစ်(၃၀)မြောက် မြန်မာ–ကိုရီးယား နှစ်နိုင်ငံ သံတမန်ထူထောင်ရေး အထိမ်းအမှတ်ခေတ်ပြိုင် ပန်းချီပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မြန်မာ–ကိုရီးယား ပန်းချီအနုပညာရှင်များ၏ အနုပညာလက်ရာ ပန်းချီကားများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ကိုရီးယားသမ္မတနိုင်ငံ The International Arts Exchange Association မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုပန်းစည်း များ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာပန်းချီအနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့တွင် စတင်ဖွင့်လှစ်ပြသမည့် မြန်မာ–ကိုရီးယား နှစ်(၃၀)မြောက် သံတမန် ထူထောင်ခြင်း အထိမ်းအမှတ် ခေတ်ပြိုင် ပန်းချီပြပွဲတွင် မြန်မာပန်းချီပညာရှင်များက ပန်းချီကား ၂၃ ကားနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ပန်းချီပညာရှင်များက ပန်းချီကား ၅၂ ကားပြသထားပြီး ယနေ့မှ ဇူလိုင် ၂၇ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ နှစ်(၃၀) မြောက် သံတမန်ထူထောင်ရေးအထိမ်းအမှတ် မြန်မာ–ကိုရီးယားနှစ်နိုင်ငံ ပန်းချီအနုပညာရှင်များ၏ ခေတ်ပြိုင် ပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဧည့်သည်များ ပြပွဲတွင် ပြသထားသော မြန်မာ–ကိုရီးယား ပန်းချီအနုပညာရှင်များ၏ အနုပညာလက်ရာ ပန်းချီကားများကို ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

**ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ နှစ်(၃၀)မြောက် သံတမန် ထူထောင်ရေးအထိမ်းအမှတ် မြန်မာ–ကိုရီးယား နှစ်နိုင်ငံ ပန်းချီအနုပညာရှင်များ၏ ခေတ်ပြိုင်ပန်းချီပြပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)

# ဝိပဿနာတရားပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၁**

ကျေးဇူးရှင် လယ်တီဆရာတော်၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီသမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးသန်းရွှေ (ဒလ–အံ့ကြီး)က ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ သာစုကာရီဓမ္မာရုံတွင် ဇူလိုင် ၂၅ ရက်မှ ၃၁ရက်အထိ ညနေ၆နာရီမှ၇နာရီခွဲအထိလည်းကောင်း၊ လှည်းကူးမြို့နယ် ဒါးပိန်မြို့ တမံကျောင်းတွင် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ နေ့စဉ်မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအထိလည်းကောင်း၊ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်၏ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတွင် ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ညစဉ် ၆ နာရီမှ ၇ နာရီခွဲအထိလည်းကောင်း ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် **ကိုရီးယားသမ္မတနိုင်ငံတို့၏ နှစ်(၃၀)မြောက် သံတမန် ထူထောင်ရေးအထိမ်းအမှတ် မြန်မာ–ကိုရီးယား နှစ်နိုင်ငံ ပန်းချီအနုပညာရှင်များ၏ ခေတ်ပြိုင်ပန်းချီပြပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

(သတင်းစဉ်)

# ဗိုလ်ဆွန်ပက်(အောက်လမ်း)ဝါတွင်းဆွမ်းလောင်းမည်

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်(အောက်လမ်း)ဆွမ်းလောင်းအသင်းက (၃၃)ကြိမ်မြောက် ဝါတွင်း(တနင်္ဂနွေနေ့)တိုင်း အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူမည်ဖြစ်ရာ စာသင်တိုက်ကြီးများအနေဖြင့် (စနေနေ့) ညနေတွင် ဆွမ်းဟင်းချိုင့်များကို ကြိုတင်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၂–၇–၂၀၀၅ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၀ ၇။ အကပြိုင်ပွဲ
- ၈း၁၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၀ ၉။ ပုလင်းရေလှောင်တမံ
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ English for Everyday Use.
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒ၊သတ္တဗေဒအထူးပြုများ) (ရုက္ခဗေဒ)
- ၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၃၀ ၇။ မြန်မာစာ၊မြန်မာစကား
- ၅း၄၅ ၈။ တေးဂီတအစီအစဉ်
- ၆း၀၀ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆း၃၀ ၁၀။ ညနေခင်းသတင်း
- ၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ" (အပိုင်း–၂)**
- ၇း၄၀ ၁၃။ နှောင်းခေတ်တေးပဒေသာ
- ၇း၅၀ ၁၄။ ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့ (အပိုင်း–၅)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတ်ဆွေ" (အပိုင်း–၆)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

# အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲများ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီတို့အား အမှူးထား၍ ဝန်ထမ်းမိသားစု၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်းအတွင်းရှိ အလယ်တိုက်ကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မှန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီးဒေါ်ခင်ခင်ရီတို့က မှန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများက သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်ကြသည်။

ထို့နောက် မှန်ကျောင်းဆရာတော်ထံမှ အနုမောဒနာတရား နာယူပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်ချ အမျှဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီတို့သည် ညနေ ၃ နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပသည့် အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

**တရားတော်နာယူ**

ရှေးဦးစွာ ကျောက်ကုန်းကျောင်းကြီး ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိသာရဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီနှင့် ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများက သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှဝေကြသည်။ (သတင်းစဉ်)

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်းအတွင်းရှိ အလယ်တိုက်ကျောင်း၌ ကျင်းပသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားတွင် လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မှန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတထံ ဝါဆိုသင်္ကန်းကပ်လှူစဉ်။**
(စက်မှု-၁)

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် လုပ်ငန်းကော်မတီဝင်များ ဦးဆောင်မှုဖြင့် ဇုန်(၃) စက်မှုလုပ်ငန်းရှင်များ၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို စက်မှုဇုန်(၃) စီမံခန့်ခွဲရေးကော်မတီရုံးခန်းမတွင် ဇူလိုင် ၁၈ရက်က ကျင်းပစဉ်။** (မြို့နယ်ပြန်/ဆက်)

# ဟိုတယ်/ခရီးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်

**ရန်ကုန် ဇူလိုင် ၂၁**

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၅ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပရာ မဟာအောင်မြေဘုံစံကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိစိတ္တဉာဏထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။**

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိစိတ္တဉာဏထံမှ ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကမ်းနားအလယ်/အနောက်ရပ်ကွက်၏ စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက်က အင်းစိန်မြို့နယ် ရတနာကံကြီး ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ အလှူရှင်များက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (ဖြ၁)

# သက်ကြီးရွယ်အိုများအား အခမဲ့ ဆေးဝါးကုသ

**ရန်ကုန် ဇူလိုင် ၂၁**

မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ချောင်းဆုံမြို့နယ် မူးရစ်ကြီးကျေးရွာတွင် အခမဲ့ဆေးဝါးကုသပေးခြင်း အခမ်းအနားကို ဇူလိုင် ၁၇ ရက်က အဆိုပါကျေးရွာ မူလတန်းကျောင်းတွင် ကျင်းပသည်။

**ဆောင်ရွက်ပေး**

အခမ်းအနားတွင် မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာန အာဟာရအဖွဲ့ခေါင်းဆောင် ဒေါက်တာတိုးတိုးအောင်၊ ချောင်းဆုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မူးရစ်ကြီးကျေးရွာရှိ သံဃာတော်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ စုစုပေါင်း လူနာ ၁၂၈ ဦးတို့အား ကျန်းမာရေး စမ်းသပ်ကုသပေးခြင်း၊ ဆေးဝါးများ ထောက်ပံ့ခြင်း၊ ကျန်းမာရေးပိုင်းဆိုင်ရာကို ဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ (မြို့နယ်ကျန်းမာရေး)

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း မကွေးတိုင်းအတွင်း စက်ရုံများ စစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၁**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၁၇ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ရန်ပယ်ရွာအနီးရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း မြင်းနှင့် သိုးမွေးမြူရေး (စီမံကိန်း) တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းဌာန၏ ပြောင်းဖူးထွက်စားကုန်ပစ္စည်းစက်ရုံ (စီမံကိန်း) လုပ်ငန်းခွင်သို့ ရောက်ရှိပြီး အဆောက်အအုံများတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် စက်ရုံအတွက် အသုံးပြုရန် ရောက်ရှိနေသော စက်ပစ္စည်းများ နေရာချထားတပ်ဆင်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညနေပိုင်းတွင် ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆောက်လုပ်ရေးလုပ်ငန်းရပ်များ၊ စက်ရုံလည်ပတ်မှုအတွက် ကုန်ကြမ်းရရှိနိုင်မှု၊ ကုန်ချောထုတ်လုပ်မှု၊ စက်လည်ပတ်နေသော စက်များ၏ စက်စွမ်းအားတို့ကို စက်ရုံမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဒုတိယဝန်ကြီးက ခေတ်မီစက်များဖြစ်၍ ကျွမ်းကျင်နိုင်နင်းစွာ စနစ်တကျ ကိုင်တွယ်သုံးစွဲရန်နှင့် ကုန်ထုတ်လုပ်မှုလျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ကြရန်မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၈ရက် နံနက်ပိုင်းတွင် ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)၏ ဗေဒါကန်တည်ဆောက်ပြီးစီးမှုနှင့် စက်ရုံ၏ စက်သစ်များဖြင့် လည်ပတ်ထုတ်လုပ်နေသော ကုန်ထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဆိပ်ဖြူမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်ကိုလည်းကောင်း၊ဆားလင်းကြီး ဝင်းသူဇာအရောင်းဆိုင်ကို လည်းကောင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ချည်မျှင်နှင့် အထည်စက်ရုံ (ဆားလင်းကြီး) စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူအသီးသီးနှင့် တွေ့ဆုံ၍ စီမံကိန်းမြို့ပြဆိုင်ရာ တည်ဆောက်ပြီးစီးမှုနှင့် စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှု Test Run ပြုလုပ်နေမှုများကို တာဝန်ရှိသူများကတင်ပြကြရာ ဒုတိယဝန်ကြီးက သတ်မှတ်ရက်အတွင်း စက်ရုံဖွင့်လှစ်နိုင်ရန် အပြီးသတ်လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

# ပခုက္ကူအသင်း ဝါဆိုသင်္ကန်းကပ်မည်

**ရန်ကုန် ဇူလိုင် ၂၁**

ပခုက္ကူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ရွှေတိဂုံစေတီ မြောက်ဘက်မုခ် ပခုက္ကူအသင်းဓမ္မာရုံတွင် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ တိပိဋကဓရဘွဲ့ရ သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ သုံးပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ လေးပါး စုစုပေါင်းအရှင်သူမြတ် ၁၀ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ အသင်းဓမ္မာရုံနှင့် ဥက္ကဋ္ဌ ဦးတင် မောင်ဝင်း ဖုန်း-၆၆၄၄၈၅၊ ၀၉-၅၀-၂၁၈၈၅၊ အတွင်းရေးမှူး ဦးမျိုးဆန်း ဖုန်း- ၃၈၃၈၅၇တို့ထံ ဆက်သွယ်လှူဒါန်းရန် နှိုးဆော်ထားသည်။ (၂၃)

# ပင်လောင်းမြို့ ပန်းအလှပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂၁**

ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်စိုက်ပျိုးခြင်းတို့ကို နှစ်စဉ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ဇူလိုင် ၁၀ ရက်တွင် အဖွဲ့ပိုင် ဘုရင့်နောင်ပန်းခြံအတွင်း ပန်းအလှပင်များကို အဖွဲ့ဝန်ထမ်းများဖြင့် စိုက်ပျိုးလျက်ရှိရာ အမှုဆောင်အရာရှိ ဦးကျော်စိုးက ကြပ်မတ်ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

**ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယ ဓမ္မဗိမာန်၌ ကျင်းပရာ ဆရာကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။** (က-ပ)

# ပါဠိတက္ကသိုလ် ပရိယတ္တိသာသနာ့ပါလအသင်း ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

**ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပရိယတ္တိသာသနာ့ပါလအသင်း၏ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အဘိဓဇသုံးထပ်ဆွမ်းစားကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းဆောင်သစ်ကြီး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက် ကြည်ညိုပူဇော်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။**

အခမ်းအနားသို့ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘဏ အမှူးပြုသော ဆရာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ စေတနာရှင် အလှူရှင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီး ပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ဆရာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဘိဓဇ သုံးထပ် ဆွမ်းစားကျောင်းဆောင်သစ် အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ ဦးကျုံကင်ရော - ဒေါ်အောင်ပိုးလျှံ မိသားစုက ငွေကျပ် ၉၅သိန်း၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘဏက ငွေကျပ်သိန်း ၅၀၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ကုလနန္ဒက ငွေကျပ် ၂၅သိန်း၊ ဦးလှမောင်-ဒေါ်ခင်နှင်းဝေ မိသားစုက ငွေကျပ် သိန်း ၂၀၊ ဦးချစ်အေး-ဒေါ်သန်းသန်းဆွေ မိသားစုက ငွေကျပ် ၁၅သိန်း၊ ဦးဉာဏ်မြင့်-ဒေါ်ရွှေ မိသားစုက ငွေကျပ် ၁၁သိန်းနှင့် ဦးအောင်ကြည်-ဒေါ်အုံးခင် မိသားစုက ငွေကျပ် ၁၀သိန်း စုစုပေါင်းအလှူငွေကျပ် ၂၂၇သိန်းကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် ညီ့ပရိသတ်များသည် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှုရတနာကျောင်း ဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပရိယတ္တိသာသနာ့ပါလအသင်း၏ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အဘိဓဇ သုံးထပ်ဆွမ်းစားကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး ဆရာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (ရန်ကုန်တိုင်း)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၂၂-၇-၂၀၀၅ (သောကြာနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | တေးဂီတအစီအစဉ် |
| ၇း၁၀ | ရော်ဘာစေးလှီးရာတွင် အရေးကြီးသည့်အချက်များ |
| ၇း၂၀ | တေးဂီတအစီအစဉ် |
| ၇း၂၅ | ဗွီစီဒီလိုင်းခတ်သံ (မြတ်နိုးခြင်းမိုးတိမ်) |
| ၇း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၅၀ | တေးဂီတအစီအစဉ် |
| ၇း၅၅ | ပရိဘောဂထုတ်လုပ်မှုလုပ်ငန်း |
| ၈း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | ၂၀၀၅ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲ အပိုင်း(၃) |
| ၈း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | ချင်းရိုးရာဝတ်စားဆင်ယင်မှု |
| ၈း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၀၅ | စပါးအထွက်တိုးစိုက်ပျိုးရေး အပိုင်း(၁) |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ | စိတ်ဝင်စားစရာပုလဲရတနာ အပိုင်း(၂) |
| ၉း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ | စပါးအထွက်တိုးစိုက်ပျိုးရေး အပိုင်း(၂) |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | ကျန်းမာပျော်ရွှင်ဘဝတစ်ခွင် |
| ၁၀း၅၀ | ဗိုလ်မြတ်ထွန်းတံတား |
| ၁၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၁**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပဲခူးတိုင်း ပညာရေးမှူးတို့ လိုက်ပါ၍ ဇူလိုင် ၁၇ ရက်တွင် တောင်ငူခရိုင် ဖြူးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဖြူးမြို့နယ်နှင့် ကျောက်ကြီး မြို့နယ်တို့မှ မြို့နယ် ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ငူမြို့ ဇောင်ချမ်းတောင် အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအခြေပြု ကိုယ်စိတ်ကျန်းမာဘဝတာHIV/AIDSတားဆီးကာကွယ်ရေးလုပ်ငန်း အကောင်အထည်ဖော် လေ့ကျင့်ပေးရေးစီမံကိန်း ကြီးကြပ်ရေးမှူးနှင့် ကူညီပံ့ပိုးသူများ၊ သင်တန်းသား၊ သင်တန်းသူကလေးများအားတွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၈ရက် နံနက် ၈နာရီတွင် တောင်ငူပညာရေး ကောလိပ်သို့ရောက်ရှိကာ တောင်ငူ ပညာရေးကောလိပ် သုံးထပ် စာသင် ဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး စာသင်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး စာသင် ဆောင်သစ်ကိုလှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တောင်ငူပညာရေး ကောလိပ်ခန်းမဆောင်၌ ပညာရေး ကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်းနှင့် ရေတာရှည် မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ နှင့်တွေ့ဆုံ၍ ပညာရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တောင်ငူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း တို့သို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် တောင်ငူမြို့ လဲဘူးစံပြ ကျေးရွာ အခြေခံပညာ မူလတန်းလွန် ကျောင်းသို့ သွားရောက်ပြီး ရပ်ရွာပညာ ပဒေသာဌာနကို ကြည့်ရှုစစ်ဆေး၍ ကျောင်းအုပ်ဆရာမကြီး၏ ရှင်းလင်း တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်း များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ငူပညာရေးကောလိပ်သို့ရောက်ရှိ စစ်ဆေးသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းသည် ဇူလိုင် ၁၉ရက်တွင် ဖြူးမြို့နယ် ကညွတ်ကွင်း အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိ စစ်ဆေးသည်။

ဆက်လက်၍ ညောင်လေးပင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်း ကျောင်းသို့ရောက်ရှိပြီး ကျောင်းအစည်း အဝေးခန်းမ၌ ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမ များအား ပညာရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမဆောင်၌ ပဲခူး၊ သနပ်ပင်၊ ဝေါ၊ ကဝနှင့် ဒိုက်ဦးမြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမ များအား တွေ့ဆုံမှာကြားခဲ့သည်။

(သတင်းစဉ်)

**မွန်ပြည်နယ် မော်လမြိုင်မြို့သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဇူလိုင် ၁၈ရက်က အလှူရှင် မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်-ဒေါ်ခင်ခင်ထား၊ သား ဟိန်း၊ စု၊ ဖြိုး၊ ထူး၊ မြေး-ကိုကို၊ ညီညီမိသားစုက ငွေကျပ်ခြောက်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော် ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။**
(၂၅၇)

## စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် တည်ဆောက်မှုလုပ်ငန်းခွင်များ အခြေအနေ ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများကို ဇူလိုင် ၁၇ရက်က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း ဦးစီးသော စည်ပင်ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေး ကြသည်။

(က-ပ)


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့

**၂၀၀၅ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၂၆၄၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် မိုးကုတ်မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

# မိုးကုတ်မြို့နယ်၌ ကျောက်မျက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

ရန်ကုန် ဇူလိုင် ၂၁

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၃ ရက် ည ၈ နာရီက ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအဖွဲ့အစည်းများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။**

## ဆွေးနွေးမှာကြား

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူးက မိုးကုတ်မြို့နယ်အတွင်း ကျောက်မျက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းတကျ ဆောင်ရွက်ကြရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

# ဗဟန်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ဗဟန်းမြို့နယ် နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံပါဠိ တက္ကသိုလ် ကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက (ယောဆရာတော်) အမှူးပြုသော စာချ၊စာသင်သံဃာတော် အပါး၁၈၀ကျော်တို့အား ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းဆန်တော် လှူဒါန်းပွဲနှင့် ရန်ကုန်မြို့ စေတီယင်္ဂဏ စာမေးပွဲ၊မန္တလေး-သကျသီဟစာမေးပွဲတို့တွင်ဒုတိယဂုဏ်ထူးဖြင့်အောင်မြင်သော အရှင်နိသာကရာဘိဝံသနှင့်ပထမပြန်အထူးအောင်နှစ်ပါး၊ သာမဏေကျော်ဘွဲ့ရ ငါးပါးနှင့် ကျောင်းတိုက်မှ စာအောင်သံဃာတော်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကိုယမန်နေ့ နံနက် ၉နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပသည်။

ယင်းအခမ်းအနားတွင် ဝေယျာဝစ္စအဖွဲ့ ဦးဆောင်သော ဒါယကာ၊ဒါယိကာမများက သံဃာတော်အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး အထူးအောင်အရှင်မြတ်ရှစ်ပါးတို့၏ဂုဏပူဇာဂါထာများကို အရှင်ဝဓိရပါဏီလင်္ကာရာဘိဝံသက ဖတ်ကြားပူဇော်သည်။ ထို့နောက် ကျောင်းတိုက်ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ယောဆရာတော်)ထံမှ အနုမောဒနာတရားနာယူပြီး ရေစက်သွန်းချအမျှပေးဝေသည်။

(သတင်းစဉ်)

**အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် အင်းတကော်စက်မှုနယ်မြေရှိ လျှပ်စစ်မော်တာ ထုတ်လုပ်မှုစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



# ပဌာန်းရောင်တော်ဖွင့်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၁

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ပဌာန်းရောင်တော်ဖွင့်အသင်းမှ ဩဝါဒါစရိယဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်အာရုံခံတန်ဆောင်းအပေါ်ထပ်၌ကျင်းပမည်ဖြစ်၍ အလှူရှင်များနှင့် အသင်းသား၊အသင်းသူများ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

(က-ပ)

# အာရှလူငယ် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲ မြန်မာဂူရှူးအဖွဲ့ ယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၅ ခုနှစ် ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် တတိယအကြိမ်မြောက် အာရှလူငယ် ဂူရှူးတံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ် ဂူရှူးအားကစားအဖွဲ့သည် ယနေ့ မွန်းလွဲ၁၂နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာလူငယ်ဂူရှူးအားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးခွန်ဂျာအောင်၊ တရုတ်နည်းပြ Mr.Chen Qin၊လူငယ်ဂူရှူး လက်ရွေးစင်အားကစားသမားများအဖြစ် စိုးဝင်းသိန်း၊ ခန့်ဆွေသက်၊ ကျော်ဇင်သစ်၊ ဝေဖြိုးအောင်၊ ဟန်နီကိုကို၊ သက်သက်နိုင်၊ စန္ဒီဦးနှင့် အိမ့်မီမီတို့ လိုက်ပါသွားကြသည်။

**(အောက်ပုံ)**

မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးခင်မောင်လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူနှင့် အထွေထွေအတွင်းရေးမှူး ဦးထွန်းမြင့်တို့သည် တတိယအကြိမ်မြောက် အာရှလူငယ်ဂူရှူး တံခွန်စိုက်ပြိုင်ပွဲ၏ အစည်းအဝေးများတက်ရောက်ရန် ဇူလိုင် ၁၇ ရက်က ထွက်ခွာသွားသည်။

(ကြေးမုံ)



# ရေဒီယိုအစီအစဉ် သီချင်းဆိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ သစ်ပင်စိုက်ပျိုးရေး အထိမ်းအမှတ်သီချင်းဆိုပြိုင်ပွဲကို ယနေ့ နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(ဘီ)၌ ကျင်းပရာ ပထမဆုကို အထက(၂)လသာ၊ ဒုတိယဆုကို အထက(၃) မင်္ဂလာတောင်ညွန့်၊ တတိယဆုကို အထက(၁) ကြည့်မြင်တိုင်နှင့် နှစ်သိမ့်ဆုကို အထက(၁)ဒဂုံတို့က ရရှိကြသည်။

ဆုရရှိသူများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းများမှ ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များကလည်း အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

(သတင်းစဉ်)

# အမှတ်(၂) စက်မှုဝန်ကြီး ဗိုလ်ချုပ်စောလွင် အင်းတကော် စက်မှုနယ်မြေရှိ စက်ရုံများစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း အင်းတကော်ဒေသရှိ အမှတ်(၂)စက်မှု ဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေသို့ရောက်ရှိပြီး ရှေးဦးစွာ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ အလူမီနီယမ်ဝါယာကြိုး ထုတ်လုပ်မှုစက်ရုံ၌ အလူမီနီယမ်ဝါယာကြိုးများ ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် အထွေထွေမန်နေဂျာ ဦးဖေသန်းလှိုင်တို့က ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ဝန်ကြီးက ကုန်ကြမ်းများ ဖြည့်တင်းထားရှိရေး၊ ထုတ်လုပ်မှု လျာထားချက်ပြည့်မီရေး၊ စက်စွမ်းအားပြည့် ထုတ်လုပ်ရေး၊ အရည်အသွေး စံချိန်စံညွှန်းကိုက်ညီရေး၊ အရွယ်အစား မျိုးစုံထုတ်လုပ်ရေးနှင့် ကျွမ်းကျင် လုပ်သားများ မွေးထုတ်လေ့ကျင့်မှုများ စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ဝန်ကြီးသည် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ အသစ်တည်ဆောက်လျက်ရှိသည့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံနှင့် လျှပ်စစ်မော်တာထုတ်လုပ်မှုစက်ရုံတို့၏ စက်ရုံတည်ဆောက်ပြီးစီးမှုနှင့် နိုင်ငံခြားမှ ရောက်ရှိလာသည့် စက်ပစ္စည်းများ စမ်းသပ်လည်ပတ်ရန် တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

## ဘေးအန္တရာယ်ကင်းရှင်းရေး

ထို့နောက် ဝန်ကြီးက ရောက်ရှိပြီး စက်ပစ္စည်းများကို စနစ်တကျ တပ်ဆင်၍ စမ်းသပ်လည်ပတ်ရေး၊ နည်းပညာလွှဲပြောင်းရယူရေး၊ ထုတ်လုပ်မှုလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ရေး၊ စက်ရုံလမ်းများ ပြီးစီးအောင်ဖောက်လုပ်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အဆင့်လိုက် အရည်အချင်းပြည့်ဝသော လုပ်သားများ ရွေးချယ်တာဝန်ပေးရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

**၂၀၀၅-၂၀၀၆ခုနှစ် မြို့သာယာလှပရေးလုပ်ငန်းတွင် ပါဝင်သည့် လမ်းဘေးဝဲ/ယာ စကြံနှင့် ကပ်တိုးများပြုလုပ်နေမှုကို ဇူလိုင်၁၀ရက်က ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းလှ(ဒုတိယညွှန်ကြားရေးမှူး) နှင့် အဖွဲ့ သွားရောက် စစ်ဆေး ကြပ်မတ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)



# ကျိုက်ထီးရိုး တောင်တန်းသာသနာပြု ဝါဆိုမိသားစု (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြို့ သာကေတမြို့နယ် ကျိုက်ထီးရိုးတောင်တန်း သာသနာပြု ဝါဆိုမိသားစု၏ (၂၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၉ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်၌ ကျင်းပသည်။ ရှေးဦးစွာ ရင်ပြင်တော်ကျောင်းအတွက် လှူဒါန်းငွေ ကျပ်သိန်း ၃၀ကို ဦးတင်လှိုင်-ဒေါ်ရင်ရင် မိသားစုက လည်းကောင်း၊ လှူဖွယ်ပစ္စည်းနှင့် အလှူငွေကျပ်သုံးသိန်းကို ဦးတင်စိန်-ဒေါ်မြင့်မြင့်စန်း မိသားစုက လည်းကောင်း၊ ဝါဆိုမိသားစု လှူဒါန်းသည့် ငွေကျပ်ငါးသိန်းကို ဒေါ်ကြည်က လည်းကောင်း၊ ရင်ပြင်တော်ကျောင်း ဝါတွင်း ဆွမ်းအလှူငွေ ကျပ်နှစ်သိန်းကို ဦးဟန့်ခင်ကလည်းကောင်း၊ ကိုးနဝင်းအပေါ်ကျောင်းအတွက် ငွေကျပ်သုံးသိန်း တန်ဖိုးရှိ မီးစက်ကို ဦးတင်လှိုင်-ဒေါ်ရင်ရင်မိသားစုက လည်းကောင်း၊ မြတ်ဒီပံကျောင်းအတွက် ငွေကျပ်သုံးသိန်းတန် မီးစက်ကို ဒေါ်လှကြည်၊ ဒေါ်ဖြူ မိသားစုကလည်းကောင်း၊ အလှူငွေကျပ်သုံးသိန်းကို ဦးလန်ကွန်း-ဒေါ်ကျင်တီ မိသားစုက လည်းကောင်း၊ ငွေကျပ် ကိုးသိန်းတန်ဖိုးရှိ ဆန် ၁၀၈ အိတ်ကို အောင်သီရိဆန်ရောင်းဝယ်ရေးက လည်းကောင်း၊ အလှူငွေကျပ်နှစ်သိန်းငါးသောင်းကို ဦးဆန်းဝင်း-ဒေါ်သန်းမြင့် မိသားစုက လည်းကောင်း အသီးသီးပေးအပ် လှူဒါန်းကြရာ ဆရာတော် သံဃာတော်များကိုယ်စား တာဝန်ရှိသူများက လက်ခံကြသည်။

### ရေစက်သွန်းချ

ထို့နောက် ဦးတင်လှိုင်၊ ဦးတင်စိန် မိသားစုနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းများကို အသီးသီးကပ်လှူကြပြီး **(အပေါ်ပုံ)** ရင်ပြင်တော်ကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးရေဝတက သြဝါဒကထာမြွက်ကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ (သတင်းစဉ်)

# ဝိပဿနာ အလုပ်ပေးတရားပို့ချမည်

**ရန်ကုန် ဇူလိုင် ၂၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အနောက်ခင်မကန်တိုက် အနန္တဂုဏ်ရည် စည်သာကျောင်းတွင် သာသနဓဇ ဓမ္မာစရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တနာရဒက ဝိပဿနာတရားသင်တန်းကို ဝါဆိုလပြည့်ကျော် ၅ ရက် (တနင်္လာနေ့)မှ သီတင်းကျွတ်လပြည့်နေ့အထိ ဥပုသ်နေ့မှတစ်ပါး နေ့စဉ်မွန်းတည့် ၁၂ နာရီမှစ၍ မွန်းလွဲ ၁ နာရီအထိ တရားသင်တန်းများ ပို့ချမည်ဖြစ်ရာ ဖုန်း-၀၂-၆၀၈၃၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

# အိမ်တော်ရာတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရုံသီ အိမ်တော်ရာ စေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် အိမ်တော်ရာတိုက်အတွင်းရှိ ကျောင်းတိုက် အသီးသီးမှ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော် သံဃာတော်များအား ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၄ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အဆိုပါ အိမ်တော်ရာတိုက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစေတီတော်ရင်ပြင်ရှိ ရတနာ့ဗိမာန်ကြီး၌လည်း အပတ်စဉ် ဥပုသ်နေ့တိုင်း နံနက် ၁၀ နာရီတွင် ဆရာတော်ကြီးများက ဥပုသ်သီလတရားတော်များကို ဟောကြားတော်မူလျက်ရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော် သြဝါဒါစရိယ ဆရာတော် ပျံလွန်တော်မူ

**ရန်ကုန် ဇူလိုင် ၂၁**

နိုင်ငံတော်သြဝါဒါစရိယ ဧရာဝတီတိုင်း ပုသိမ်ခရိုင် ရေကြည်မြို့နယ် ရွှေရေးဆောင်ကျောင်းတိုက်ကြီး၏ ပဓာန နာယက သက်တော် (၉၁)နှစ်၊ သိက္ခာတော် (၇၀)ရှိ ဘဒ္ဒန္တဝိဇယ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၅ရက် ဇူလိုင် ၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာသီရိလင်္ကာရာမ ကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာသီရိလင်္ကာရာမ ကျောင်းတိုက်၌ မြန်မာသီရိလင်္ကာ ဆရာတော် အရှင်သဒ္ဓမ္မောဒယအား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်း စုပေါင်း၍ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လာရောက်ကြည်ညို ဆက်ကပ်လှူဒါန်းနိုင်ရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားထားသည်။ (က-ပ)

# ထီးတော်သစ်တင်လှူပွဲ ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် ဘောင်းကျကျေးရွာရှိ ရွှေဘုံသာစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ စေတီတော်သစ်များအား ထီးတော်သစ်တင်လှူပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဇူလိုင် ၁ရက်က အလှူရှင်မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် သာသနာပြုနယ်လှည့် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တဝိမလ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေ၊ ဘောင်းကျကျေးရွာနေ ဦးစံဝင့်မိသားစု မန္တလေးမြို့ (ထိပ်တန်း စက်ပစ္စည်းအရောင်းဆိုင်) ဦးခင်မောင်ဝင်း၊ ဒေါ်နီနီသန်းမိသားစု၊ မော်လမြိုင်မြို့နေ ဦးစိန်ပေါင်းမိသားစု၊ အလှူရှင်များ၊ စေတနာရှင်များ စုပေါင်း၍ ကြွရောက်တော်မူခဲ့သည့် ဆရာတော် သံဃာတော် အပါး ၄၇ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ **(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

**ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၏ န၀မအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သီလရှင်ယောဂီဝတ်စုံ လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက ယင်းကျောင်းတိုက်ကြီး၌ ကျင်းပရာ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တအာသဘ အရှင်သူမြတ်အား ဦးကျော်ဦး-ဒေါ်ကျင်ငွေးမိသားစုတို့ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

### ရန်ကုန်မိုး

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန် ရွာနှုန်း (၈၀) ဖြစ်သည်။**

# လမ်းသာယာရေး စုပေါင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၁**

ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အမှတ် (၁၀) ရပ်ကွက် ၃၂လမ်း လမ်းသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းမောင်(စန်းသော်တာ)၊ အတွင်းရေးမှူး ဦးတင်မောင်ဦး (အောင်သိဒ္ဓိ) နှင့် အဖွဲ့ဝင်များသည် စည်ပင်သာယာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် လမ်းမကြီး ဥမင်လိုဏ်ခေါင်းအောက် မပိတ်ဆို့ရေးအတွက် သံဆန်ခါများ တပ်ဆင်ပြီး အမှိုက်များပိတ်လာလျှင် ဖယ်ထုတ်ခြင်း၊ ကျောက်ပြားများခင်းခြင်း၊ ကားများ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ လမ်းမီးတိုင်များတွင် မီးလုံးများ တပ်ဆင်ပေးခြင်း စသည့် လမ်းသာယာရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

# နိုင်ငံတော်သြဝါဒါစရိယ ဧရာဝတီတိုင်းပုသိမ်ခရိုင် ရေကြည်မြို့နယ် ရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇယ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော် လောင်းလျာသည် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ရေကြည်မြို့နယ် သစ်ဖြူပင်ရွာ ခမည်းတော် ဦးဘိုးနွယ် မယ်တော် ဒေါ်မယ်လှတို့မှ ၁၂၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၇ ခုနှစ်တွင် သစ်ဖြူပင်ရွာ၊ တာဝိုင်းကျောင်း ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၉၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ရက် နံနက် ၉ နာရီ ၉ မိနစ်အချိန်တွင် ငါးသိုင်းချောင်းမြို့၊ ရွှေရေးဆောင်တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ နေရှင်နယ်ကျောင်းမှ လေးတန်းစာမေးပွဲကို အောင်မြင်ခဲ့ပြီး ငါးသိုင်းချောင်းမြို့ သစ်ဖြူပင်တာဝိုင်းကျောင်း ဆရာတော် ဦးသုဝဏ္ဏထံတွင် ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြားတော်မူခဲ့ပြီး ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသ စသော ဆရာတော်ကြီးများထံတွင် ပိဋကတ်ကျမ်းစာပါဠိတော်နှင့် အဋ္ဌကထာများကို သင်ရိုးပေါက်အောင် သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၀၂ ခုနှစ်မှစ၍ ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်၌ တပည့်ရဟန်းသာမဏေများအား ပထမပြန်နှင့် ဓမ္မာစရိယတန်းစာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃ နာယကဥက္ကဋ္ဌ၊သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ငါးသိုင်းချောင်းမြို့၊ လောကမာရဇိန်ဘုရားကြီး ဂေါပကအဖွဲ့ သြဝါဒါစရိယအဖြစ်၊ နိုင်ငံတော် သြဝါဒါစရိယအဖြစ်တို့ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူသော ဆရာတော်ကြီးသည် ၁၃၅၄ ခုနှစ်၊ ၁၉၉၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းတော်မူသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော် (၉၁)နှစ်၊ သိက္ခာတော် (၇၀) အရ ၁၃၆၇ ခုနှစ် ဝါဆိုလဆန်း ၁၅ ရက်၊ ၂၀-၇-၂၀၀၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရ အမှူးပြုသည့် စာချစာသင် သံဃာတော်အပါး ၂၀၀တို့အား ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်များကလည်းကောင်း၊ Asia Express Ltd. ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဒါယကာ၊ ဒါယိကာမများကလည်းကောင်း **(အပေါ်ပုံ)** ဇူလိုင် ၂၁ရက်က ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ (က-ပ)

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ရန်ကုန်မြို့တော်တစ်ခွင်လုံး၌ ကုသိုလ်ကောင်းမှုပြုကြသူများ အထူးများပြား စည်ကားခဲ့ရာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်ပေါ်တွင် ဘုရားဖူးလာ ပြည်သူများကို ဤသို့တွေ့ရသည်။ (သတင်းဖော်ပြပြီး) ဓာတ်ပုံ–ခင်မောင်ဝင်း (ကြေးမုံ)

# ဖွံ့ဖြိုးတိုးတက်နေသော ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြို့တော် ကျိုင်းတုံ

## သတင်းဆောင်းပါးနှင့်ဓာတ်ပုံ သောင်းဝင်းဗိုလ်

**ရန်ကုန် ဇူလိုင် ၂၁**

ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ မြို့တော်ဖြစ်သည်။ ခေတ်အဆက်ဆက်ကတည်းက မိုးတွင်းကာလများတွင် ကျိုင်းတုံမှတစ်ဆင့် မိုင်းယန်း၊ တာချီလိတ်၊ တောင်ကြီးမြို့များသို့ ရောက်အောင် သွားလာရန် အခက်အခဲများစွာ ရှိနေခဲ့သည်။ အချိန်များစွာပေးနိုင်မှ သွားလာ၍ရသော ဒေသဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးကို အဆင့်တိုးမြှင့် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့သည်။ ယခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် တာကော–ကျိုင်းတုံလမ်းပိုင်း ကတ္တရာလမ်းသစ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

တာကော–ကျိုင်းတုံလမ်းပိုင်းကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် တောက်လျှောက် လမ်းပေါက်ခဲ့ပြီး ယခင်က ခက်ခဲပင်ပန်းစွာ၊ ရက်ကြာမြင့်စွာ သွားလာနေကြရသည့် ဒေသခံတိုင်းရင်းသားများအဖို့ တောင်ကြီး–ကျိုင်းတုံခရီးကို လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်ပြီဖြစ်သည့်အတွက် ဒေသခံများ ပျော်ရွှင်ကျေနပ်လျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ●

**တာကော–ကျိုင်းတုံလမ်း**

**တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကျော်ဖောက်လုပ်ထားသော တာကော–ကျိုင်းတုံ ကတ္တရာ လမ်းသစ်ကြီးကို ဝေဟင်မှ တွေ့မြင်ရစဉ်။** (ဓာတ်ပုံ–သောင်းဝင်းဗိုလ်)